၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.807, MARCH 27, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ညီညွတ်ကြဖို့ တော်လှန်ရေးမှာ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း

**RFA၊ မတ်လ ၂၇။** ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဆိုတဲ့ တော်လှန်ရေးအောင်မြင်ဖို့ ပြည်သူလူထု အများစုက ညီညီညွတ်ညွတ်၊ စိတ်အားသန်သန် ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ကျရောက်တဲ့ ၆၆ နှစ်မြောက်ဖက်ဆစ်တော်လှန်ရေးနေ့မှာ ပြောကြားလိုက်ပါတယ်။

တော်လှန်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းက NLD ဌာနချုပ်မှာ ဒီကနေ့မနက်ပိုင်းက ပြုလုပ်ကျင်းပခဲ့ပြီး အခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောခဲ့တာပါ။ ဒီအကြောင်းနဲ့ပတ်သက်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကိုအခုလို ပြောပါတယ်။

"တော်လှန်ရေးနဲ့ ညီညွတ်ရေး ဆက်နွယ်နေတယ်ဆိုတာကို အဓိကထားပြီးပြောချင်ပါတယ်တဲ့။ တော်လှန်ရေးဆိုတာကို ရိုးရိုးအဓိပ္ပါယ်ဖွင့်ရမယ်ဆိုရင် သိသိသာသာပြောင်းလဲမှုဖြစ်စဉ်ကြီးပဲပေါ့။ သိသိသာသာပြောင်းလဲမှုတခု ဖြစ်ဖို့ဆိုရင် လူအများစုကြီးက ညီညီညွတ်ညွတ်နဲ့အပြောင်းအလဲကြီးကို လိုလားရုံတင်မက အပြောင်းအလဲအတွက် လုပ်ဖို့ကိုင်ဖို့ အဆင်သင့်ဖြစ်မှသာလျှင်အောင် အောင်မြင်မြင်လုပ်နိုင်မှာ ဖြစ်တယ်တဲ့။ ကျမတို့လိုချင်တဲ့ ကျမတို့နိုင်ငံကို အကျိုးပြုမယ့်လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရရှိစေမယ့် တော်လှန်ရေးတခုအောင် မြင်ဖို့ ကျမတို့စိတ်ဓာတ်က အဓိကအရေးကြီးပါတယ်၊ အဲဒီစိတ်ဓာတ်ရဲ့နောက်မှာ ညီညွတ်မှုပါမှဖြစ်မယ်၊ ကျမတို့အားလုံးဟာ ညီညီညွတ်ညွတ်နဲ့စိတ်ဓာတ်ကိုအခြေခံပြီးတော့ ကိုယ်လိုချင်တဲ့အပြောင်းအလဲဖြစ်သွားအောင်လို့ကြိုးစားမယ်ဆိုရင် ဒီအပြောင်းအလဲဟာမုချအောင်မြင်နိုင်မှာ ဖြစ်တယ်...စသဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားပါတယ်"

ဒီကနေ့ အခမ်းအနားမှာ သဘာပတိအဖြစ် တာဝန်ယူခဲ့တဲ့ NLD ဒုဥက္ကဋ္ဌဦးတင်ဦးကလည်း မြန်မာ့တပ်မတော်သားတွေ အနေနဲ့ ဒီကနေ့ ဖြစ်နေတဲ့အရှေ့အလယ်ပိုင်းနိုင်ငံတွေကဖြစ်စဉ်တွေအပေါ် မှာသင်ခန်းစာယူပြီး ကိုယ့်နိုင်ငံက တိုင်းရင်းသားပြည်သူလူထုအားလုံး စိတ်ချမ်းသာအောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းသွားပါတယ်။

အခမ်းအနားမှာ NLD အဖွဲ့ချုပ်ရဲ့ တော်လှန်ရေးနေ့ကြေညာချက်ကို အထွေထွေအတွင်းရေးမှူးရဲ့ ရုံးအဖွဲ့မှူးဦးဝင်းထိန်က ဖတ်ကြားပါတယ်။ ဒီကြေညာချက်မှာ "မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရင် တပ်မတော်သားတွေလည်း အများနည်းတူအကျိုးရှိမယ်" လို့ဖော်ပြထားပါတယ်။ ဒီကိစ္စကိုလည်း ဦးအုန်းကြိုင်က အခုလိုပြောပါတယ်။

"...ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရင်တပ်မတော်သားများဟာလည်း အခြား ပြည်သူပြည်သားများနည်းတူ လူ့အခွင့်အရေးများနဲ့ သာယာတိုးတက် ဖွံ့ဖြိုးသောနိုင်ငံရဲ့ အကျိုးရလဒ်များကို ခံစားရမည်ဖြစ်ပါတယ်။ ဒီမိုကရေစီလိုလားသော အင်အားစုများနဲ့ တပ်မတော်ကြားနားလည်မှုလွဲမှားနေခြင်းများ ပျောက်ကွယ်သွားစေရန်ဆွေးနွေးညှိနှိုင်းကြရန် အရေးကြီးကြောင်း ထပ်မံတိုက်တွန်းလိုက်ပါတယ် ..."

ဒီကနေ့ အခမ်းအနားကို အမေရိကန်၊ ဗြိတိန်၊ ဂျာမဏီ၊ ဩစတြေလျားစတဲ့ ရန်ကုန်မြို့အခြေစိုက် သံတမန်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးတွေနဲ့တိုင်းရင်းသား ခေါင်းဆောင်တွေလည်းတက် ရောက်ခဲ့ကြပါတယ်။အလားတူ တော်လှန်ရေးနေ့အခမ်းအနားကို ဝါရင့်နိုင်ငံရေးသ

**စာမျက်နှာ ၄သို့**


| | | | | | |
|---|---|---|---|---|---|
| **မြန်မာနိုင်ငံမှာ တီဘီရောဂါ စွဲကပ်နေသူ စစ်တမ်းအရ ပေါင်း ၃ သိန်းကျော်ရှိ** | **ရွှေတြိဂံနယ်မြေဗဟိုပြုပြီး ပြင်းအားကြီး ငလျင် လှုပ်ခတ်သွား** | **နအဖစစ်အုပ်စု ကျန်းမာရေး အသုံးစရိတ် လူတဦး တနှစ် ၂ဒေါ်လာထက်နည်း** | **နအဖမှ ပိတ်ဆို့ မှုတွေဖယ် ရှားဖို့ သံဃာနဲ့ ကျောင်းသား အဖွဲ့ ချုပ်တို့ တောင်းဆို** | **မြန်မာလုပ်သားများကို ကူညီတဲ့ မလေးရှားရှေ နေကို ဂျပန်ကတရားစွဲ** | **လူ့ အခွင့်အရေးဆိုင်ရာ ပဌာန်းချက် ကုလလူ့ အခွင့်အရေးကောင်စီမှာ အတည်ပြု** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၆** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

VOB အာဘော်

# စစ်အာဏာရှင်များ ကြောက်သောအရာ

မြန်မာနိုင်ငံကို ဆယ်စုနှစ် ၂ ခုကျော်အုပ်ချုပ်နေတဲ့ စစ်အာဏာရှင်များ လိုလားတောင့်တဆုံးနှင့် အကြောက်ရွံ့ဆုံးမှာ ၎င်းတို့အပေါ်ပစ်မှတ်ထားလုပ်ဆောင်နေသည့် ဒဏ်ခတ်ပိတ်ဆို့မှုများဖြစ်သည်။ အမေရိကန်နှင့် အနောက်နိုင်ငံများ သည် မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒီမိုကရေစီအင်အားစုများကို ဖိနှိပ်မှု ဒီမိုကရေစီရေးပြုပြင် ပြောင်းလဲမှုများကို စစ်မှန်စွာမလုပ်ဆောင်မှုများကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ပြုလုပ်ထားသည်။

မြန်မာနိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများ၊စစ်အာဏာရှင်များ၏ပိုင်ဆိုင်မှုများကိုပိတ်သိမ်းထားခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်တားမြစ်မှုများ၊ ဗီဇာပိတ်ပင်မှုများစသည်များကို လုပ်ဆောင်ထားသည့်အတွက် စစ်အာဏာရှင်များနှင့် ၎င်းတို့အပေါင်းအပါများ အထိနာလျက်ရှိသည်။

ထို့ကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းရေးကို အကြီးအကျယ်လုပ်ဆောင်နေသည်။ ၎င်းတို့ကိုယ်တိုင် ထုတ်ဖော် ပြောဆိုမှုများပြုနေခဲ့သလို ၎င်းတို့ချုပ်ကိုင်ထားသည့် မီဒီယာများတွင်လည်းရေးသားဖော်ပြထုတ်လွှင့်နေသည်။ ထိုမျှမကသေး ၎င်းတို့၏အလိုတော်ရိများ၊ ပုလင်း တူပူးဆို့များကို ပြောဆိုခိုင်းသည်များလည်းရှိသည်။ နောက်ဆုံးပေါ်လုပ်ဆောင် ချက်မှာ စစ်တပ်လက်ဝါးကြီးအုပ်လွှတ်တော်တွင်း အနောက်နိုင်ငံများ၏စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကိုဆန့်ကျင်ရေး လုပ်ရပ်များဖြစ်သည်။

ပြည်တွင်းဒီမိုကရေစီအင်အားစုများ၊ ပြည်ပရောက်အင်အားစုများ၊ နိုင်ငံတကာအစိုးရများက မြန်မာစစ်အာဏာပိုင်များကို နိုင်ငံရေးအရ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုတိုက်တွန်းနေသော်လည်း စစ်အာဏာပိုင်များဘက်မှ သိသာလုပ်ရပ်များကို ပြသခဲ့ခြင်းမရှိပေ။ ထိုအစား လျစ်လျူရှုမှုများကိုသာ လက်ကိုင်စွဲကျင့်သုံးနေခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခဲ့ပြီးစစ်အစိုးရမှအရပ်သားအစိုးရသို့ပြောင်းလဲတော့မည်၊ထို့ကဲ့သို့ပြောင်းလဲလာသောအခြေအနေများကဒဏ်ခတ်ပိတ်ဆို့မှုများဖယ်ရှားရန် အခြေအနေဖြစ်သည်ဟု စစ်အာဏာရှင်များက ရှုမြင်ကြသည်။ ထို့ကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုရုပ်သိမ်းရေးကို အလေးပေးလုပ်ဆောင်နေခြင်းဖြစ်သည် ။

သို့သော်အမှန်တကယ်မှာပြည်တွင်းပြည်ပအင်အားစုများနှင့်နိုင်ငံတကာအသိုင်းအဝိုင်းကအလိုရှိနေသောအခြေအနေသို့နအဖကတက်လှမ်းခြင်းမရှိသေးပေ။ ထို့ကြောင့် အမေရိကန် အီးယူနှင့်အခြားနိုင်ငံများအနေဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုကို ဆက်လက်ထားရှိရန်နှင့်ထိုအခြေအနေများဆက်လက်ရှိနေရေးအတွက် မြန်မာ့ဒီမိုကရေစီအင်အားစုများ ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# ကျောက်မျက်ရတနာပြပွဲ စည်းမျဉ်းများ ကြိုတင်မကြေညာပဲ ပြောင်းလဲ

**RFA ၊ မတ်လ ၂၄ ။** ။ ကျောက်မျက်ရတနာပြပွဲမှာ ငွေသွင်းပစ္စည်းထုတ်တဲ့ စည်းမျဉ်းများကို ကြိုတင်ကြေညာခြင်းမရှိပဲ ပြောင်းပစ်လိုက်တာကြောင့် ကျောက်ကုန်သည်တွေ အခက်အခဲတွေ့နေရတယ်လို့ စုံစမ်းသိရပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂၂ ရက်နေ့က နေပြည်တော်မှာ ကျင်းပပြီးစီးသွားတဲ့ ၄၈ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲအပြီး ကုန်သည်တွေ လေလံဆွဲထားတဲ့ ကျောက်တွေကို မတ်လ ၂၃ ရက်နေ့က စပြီး ငွေသွင်းပြီးထုတ်ယူရာမှာ ကျောက်မျက်ကော်ပိုရေးရှင်းက ငွေသွင်း ပစ္စည်းထုတ်တဲ့စနစ်ကို အရင်ပြပွဲတွေ လုပ်တဲ့ပုံစံနဲ့မတူပဲ ပြောင်းပစ်လိုက်တာကြောင့် ကုန်သည်တွေ မကျေမနပ်ဖြစ်ရတာပါ။ မြန်မာကျောက်ကုန်သည်တဦးက ခုလိုပြောပါတယ်။

"ငွေသွင်းတာကို လက်ခံပြီးတော့ အဲဒီငွေကို lot ထုတ်မပေးပဲနဲ့ ဝယ်ထားတဲ့ lot တွေရဲ့ ဆယ်ရာခိုင်နှုန်းကို ဖမ်းသိမ်းလိုက်တာလေ။ ဒီကျောက်ပွဲမှာ ဒီလိုဒီလိုကြိုတင်စည်းကမ်းချက်လုပ်မယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်း ဥပဒေမလုပ်ပဲနဲ့ ဒီသွင်းတဲ့ငွေကို lot ထုတ်မပေးပဲနဲ့ ဆယ်ရာခိုင်နှုန်းငွေကို ဖမ်းသိမ်းလိုက်တာ။ အရင်တုန်းက အဲလို ဥပဒေမရှိဘူး။ ဒီတလကို ဆယ်ရာခိုင်နှုန်းသွင်းစရာမလိုပဲနဲ့ လွတ်လပ်စွာထုတ်ပိုင်ခွင့်ရှိတယ်။"

အရင်က ပြပွဲမှာ လေလံဆွဲထားတဲ့ပစ္စည်းများ ထုတ်ယူဖို့ပထမတလမှာ မိမိစိတ်ကြိုက်ပစ္စည်းကို ငွေအကြေချေထုတ်ခွင့်ရှိပြီး ဒုတိယလမှာတော့ ကျန်ဝယ်ယူထားတဲ့ ပစ္စည်းတန်ဖိုးအားလုံးရဲ့ ၁၀%ကို ကြိုတင်ပေး ငွေပေးချေပြီး တတိယလမှာ ပစ္စည်းအားလုံးရဲ့ တန်ဖိုးကို ငွေပေးချေရတာ ဖြစ်ပါတယ်။

မြန်မာကုန်သည်တွေ အနေနဲ့ ပထမလမှာ လေလံဆွဲထားတဲ့ပစ္စည်းထဲက စိတ်ကြိုက်ပစ္စည်းကို ငွေအကျေချေထုတ်ယူပြီး ပြန်ရောင်းပြီးတဲ့နောက် ရလာတဲ့ငွေနဲ့ ကျန်ပစ္စည်းတွေကို ဆက်လက်ထုတ်ယူတာဖြစ်ပါတယ်။ အခုလို ကြိုတင်ငွေ ၁၀% ကို ဖြတ်လိုက်တာမို့ငွေလည်ပတ်မှုတွေမရှိပဲ ပစ္စည်းဆက်ထုတ်ဖို့ အခက်အခဲရှိတယ်လို့ ပြောပါတယ်။

ဒီစနစ်ကို ပြုလုပ်ရခြင်းဟာ အရင်ပြပွဲတွေ အတွေ့အကြုံအရ နိုင်ငံခြားသားကုန်သည်တချို့ဟာ ပြပွဲမှာ ပစ္စည်းတော်တော်များများကို သိမ်းကြုံး လေလံဆွဲပြီး ပထမလမှာတင်လိုချင်တဲ့ ပစ္စည်းတချို့ကို ငွေချေထုတ်ယူသွားပြီး ကျန်ပစ္စည်းများကို မထုတ်ပဲ ထားခဲ့တတ်တာကြောင့် ဖြစ်တယ်လို့ ကျောက်မျက်ကော်ပိုရေးရှင်းနဲ့ နီးစပ်သူ တွေကပြောပါတယ်။ ဒါပေမဲ့ ဒီဥပဒေကို ပြပွဲမတိုင်ခင်က ဘာကြောင့် ကြိုမထုတ်ပြန်သလဲဆိုတာကိုတော့ မသိရှိကြောင်း ပြောဆိုပါတယ်။

# မြန်မာနိုင်ငံမှာ တီဘီရောဂါစွဲကပ်နေသူ စစ်တမ်းအရ ပေါင်း ၃ သိန်းကျော်ရှိ

**VOA ၊ မတ်လ ၂၄ ။** ။ မြန်မာနိုင်ငံမှာ နောက်ဆုံးကောက်ယူရရှိထားတဲ့ စစ်တမ်းတွေအရ တီဘီရောဂါပိုး ရှိနေသူပေါင်း ၃၀၀,၀၀၀ ရှိနေပြီး အဲဒီထဲက ၃၀% ကျော်ကို စစ်ဆေးဖော်ထုတ်နိုင်ခြင်းမရှိသေးဘဲ ဖြစ်နေတယ်လို့ ဒီနေ့ကျရောက်တဲ့ ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့မှာ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ ကမ္ဘာမှာ တီဘီရောဂါ ကူးစက်ပျံ့နှံ့မှု အများဆုံး ၂၂ နိုင်ငံထဲမှာလည်း ပါဝင်နေတာပါ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အပြည့်အစုံကို နော်ရှီးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံတွင်း တီဘီအဆုတ်ရောဂါပိုးရှိသူ အားလုံးရဲ့၃၀% ကျော်ကို စစ်ဆေးဖော်ထုတ်နိုင်ခြင်း မရှိသေးဘဲ ဖြစ်နေတယ်လို့ ဒီကနေ့ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့မှာ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောလိုက်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံက လူဦးရေ ၅၃ သန်းအနက် ၃၀၀,၀၀၀ လောက်မှာ တီဘီရောဂါပိုး ရှိနေတယ်လို့ ခန့်မှန်းရတာကြောင့် လူ ၁,၀၀၀ မှာ ၆ ယောက်နှုန်း ဖြစ်နေတာပါ။ တီဘီရောဂါဟာ လေကနေတဆင့် လွယ်လွယ်ကူကူ ကူးစက်နိုင်ပြီး ရောဂါပိုးရှိတဲ့သူတယောက်ကနေ အနည်းဆုံး ၁၅ ယောက်အထိ အလွယ်တကူ ကူးစက်နိုင်တာကြောင့် ၁,၀၀၀ မှာ ၆ ယောက်နှုန်းဆိုတာ အတော်လေးများတယ်လို့ WHO က ပြောပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ တီဘီရောဂါပိုးရှိသူ အားလုံးရဲ့ ၆၄% ကိုပဲ ရောဂါပိုးရှိမရှိ စစ်ဆေးနိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။ ကျန်တဲ့ ၃၀% ကျော်ကိုတော့ စစ်ဆေးဖော်ထုတ်ဖို့ လက်လှမ်းမမီဘဲ ဖြစ်နေတာပါ။ ဒီအချက်အလက်တွေကို ပြီးခဲ့တဲ့နှစ်နဲ့ ဒီနှစ်အတွင်း ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရသိရှိရတာလို့ ရန်ကုန်အခြေစိုက် WHO ရုံးက တီဘီရောဂါရေးရာ ကျွမ်းကျင်သူ အီဗာ နေသန်စန် (Eva Nathanson) က ဗွီအိုအေ မြန်မာပိုင်းကို ပြောပါတယ်။

"၂၀၀၉ နဲ့ ၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံတဝန်း တီဘီရောဂါ ကူးစက်ပျံ့နှံ့မှုနဲ့ပတ်သက်ပြီး မြန်မာအစိုးရ တီဘီတိုက်ဖျက်ရေးဌာန၊ နိုင်ငံတကာအဖွဲ့တွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း စစ်တမ်းကောက်ယူခဲ့ပါတယ်။ ကနဦးတွေ့ရှိချက်တွေက တီဘီရောဂါသည်တွေ အတော်လေးများနေတာကို တွေ့ရပါတယ်။ မြို့ပြနဲ့ ကျေးရွာဒေသပေါင်း ၇၀ က လူပေါင်း ၅၀,၀၀၀ ကြားမှာ စစ်တမ်းကောက်ခံခဲ့တာမှာ မြန်မာနိုင်ငံလူဦးရေ ၅၃ သန်းအနက် ၃၀၀,၀၀၀ မှာ တီဘီရောဂါ ရှိနေပါတယ်။"

မြန်မာနိုင်ငံမှာရှိတဲ့ ၃၀၀,၀၀၀ သော တီဘီရောဂါပိုး ရှိသူတွေထဲက အများစုကလည်း ဆေးကုသမှုကို ကောင်းကောင်းမခံယူကြဘူးလို့ပြောပါတယ်။ ကုသမှုခံယူတဲ့သူ တချို့ကျပြန်တော့ နေနည်းနည်း ပြန်ကောင်းလာပြီဆိုတာနဲ့ ဆေးကို ကုန်တဲ့အထိ မသောက်တော့တာကြောင့် ဆေးတမျိုးပြီးတမျိုးစားလည်း ဆေးမတိုးတော့ဘဲ ရောဂါက အင်မတန်ကုရခက်တဲ့အခြေအနေကို ရောက်သွားတယ်လို့ဆိုပါတယ်။ ဒီလို တီဘီရောဂါကာကွယ် တိုက်ဖျက်ရေးအတွက်လိုအပ်တာတွေကို WHO က အစိုးရ ကျန်းမာရေးဌာနနဲ့ ပူးပေါင်း ကြိုးစားသွားမယ်လို့လည်း မစ်စ် အီဗာနေသန်စန်က ပြောပါတယ်။

"အခုနောက်ဆုံး ကောက်ခံရရှိတဲ့ စစ်တမ်းက စုဆောင်းရရှိထားတဲ့ အချက်အလက်သစ်တွေနဲ့ ရှေ့ဆက် ဘယ်လိုနည်းဗျူဟာတွေချမှတ်ဆောင်ရွက်ရမယ်ဆိုတာ ပိုပြီးရှင်းရှင်းလင်းလင်းသိထားပါတယ်။"

တကယ်တော့ ကမ္ဘာ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံမှာ တီဘီရောဂါပိုးတွေရှိကြတယ်လို့ WHO ကဆိုပါတယ်။ အဲဒီထဲက ၁၀% ဟာ သူတို့ရဲ့သက်တမ်းတချိန်ချိန်မှာ တီဘီရောဂါ ထလာတတ်ကြပါတယ်။ ဒါပေမဲ့ ကိုယ်ခံအားကောင်းပြီး အာဟာရမျှတမယ်၊ ကျန်းမာမယ်ဆိုရင် မိမိခန္ဓာကိုယ်ထဲမှာ တီဘီရောဂါပိုးရှိရင်တောင် တီဘီရောဂါသည် ဖြစ်လာမှာမဟုတ်ပါဘူး။ ကိုယ်ခံအားမကောင်း၊ မကျန်းမာလို့ တီဘီရောဂါထလာတယ်ထားဦး၊ စနစ်တကျ ကုသမှုခံယူမယ်ဆိုရင် ဒီရောဂါဟာ လုံးဝပျောက်ကင်းနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်း ရက်ရှည်ကြာ ချောင်းဆိုးလာပြီး ဖျားလာပြီဆိုရင် စစ်ဆေးကုသမှုခံယူဖို့ အရေးကြီးတယ်လို့ မစ်စ် အီဗာနေသန်စန်က ဆိုပါတယ်။

"တီဘီဟာ လုံးဝပျောက်ကင်းအောင် ကုသနိုင်တဲ့ရောဂါဖြစ်ပါတယ်။ တီဘီရောဂါပိုးရှိသူတွေ အနေနဲ့ ရောဂါကုသမှုကို အစောဆုံးခံယူသင့်ပါတယ်။မြန်မာနိုင်ငံမှာတီဘီဆေးဝါးတွေ၊စစ်ဆေးတာတွေကို အစိုးရဒေသန္တရဆေးခန်းတွေက အခမဲ့ ဆောင်ရွက်ပေးနေပါတယ်။ လူမှုအသိုင်းအဝိုင်းတွေ အနေနဲ့လည်း တီဘီရောဂါအကြောင်းကို သိရှိပြီး ဝိုင်းဝန်းကာကွယ်ဖို့လိုပါတယ်။"

အခုနောက်ဆုံး ကောက်ယူထားတဲ့ စစ်တမ်းတွေအရ မြန်မာနိုင်ငံမှာ တီဘီရောဂါဟာ အမျိုးသားတွေနဲ့ လူနေထူထပ်တဲ့ မြို့ပြဒေသတွေမှာ နေထိုင်ကြသူတွေကြားမှာ အဖြစ်များတယ်လို့ ဆိုပါတယ်။ တိုင်းတွေထက် ပြည်နယ်တွေမှာလည်း အဖြစ်များတယ်လို့ ဆိုပါတယ်။ ကမ္ဘာပေါ်မှာ တီဘီရောဂါကြောင့် နှစ်စဉ် လူ ၁,၇၀၀,၀၀၀ လောက် သေဆုံးနေကြရတာပါ။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ် အတွင်းမှာ တီဘီရောဂါပိုးထပ်ပြီး ကူးစက်ခံရသူ ၉,၀၀၀,၀၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီထဲက ၅၅% ဟာ အာရှနိုင်ငံတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ပြီးခဲ့တဲ့နှစ်အတွင်း တီဘီရောဂါကြောင့် သေဆုံးသူပေါင်း ၂၉,၀၀၀ လောက်ရှိတယ်လို့ WHO ရဲ့ အင်တာနက် ဝက်ဘ်ဆိုက်ဒ်မှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ တီဘီရောဂါကူးစက်ပျံ့နှံ့မှု အများဆုံး ၂၂ နိုင်ငံထဲမှာလည်း အပါအဝင်ဖြစ်ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ဒုက္ခသည်များ ပြန်ကြားရေးဝန်ကြီးကို ဦးကျော်ဆန်းကို မကျေလည်

**DVB ၊ မတ်လ ၂၂ ။** ။ ထိုင်းနယ်စပ်နယ်စပ် ဒုက္ခသည်စခန်းတွေထဲမှာ သောင်းကျန်းသူ မိသားစုနဲ့ပြည်ပြေးတွေသာရှိတယ်လို့ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းရဲ့ပြောဆိုချက်ဟာ မှားယွင်းတယ်လို့ နယ်စပ်ဒုက္ခသည် စခန်းကော်မတီတွေနဲ့ကူညီပေးရေး အဖွဲ့တွေက တုံ့ပြန်လိုက်ပါတယ်။

မနေ့က လွှတ်တော်အစည်းအဝေးမှာ ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့ဖလုံ–စဝေါ်ပါတီရဲ့ ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရအမတ် စောသိန်းအောင်ကကရင်ပြည်နယ်ထဲက စစ်ပြေးဒုက္ခသည်တွေအပေါ် ဘယ်လိုအကူညီပေးမလဲ၊ ဘယ်လောက်ထိပေးမလဲလို့ မေးရာမှာ အာဏာသိမ်းစစ်အစိုးရဝန်ကြီး ဦးကျော်ဆန်းက အခုလို ပြောကြားသွားတာဖြစ်ပြီး မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။ ဦးကျော်ဆန်းရဲ့ပြောဆိုချက်နဲ့ပတ်သက်ပြီး ထိုင်းမြန်မာနယ်စပ်မှကရင်ဒုက္ခသည်ကော်မတီ ပြောရေးဆိုခွင့်ရှိ သူတဦးက အခုလိုငြင်းပါတယ်။

“သူပြောတာမဟုတ်ဘူး၊ အဲဒါသူ့အမြင်နဲ့ သူပြောတယ်။ ဖတ်တဲ့လူက ဘယ်လိုဝေဖန်မလဲတော့ မသိဘူး။ အဲဒါသူပြောသလိုတော့ မဟုတ်ဘူး။ ပြောတိုင်းလိုက်ရှင်းနေရမယ်ဆိုရင် ကုန်မှာမဟုတ်ဘူး။ အဲတော့ သူ့အနေနဲ့ဘာကို အခြေခံပြီးတော့ပြောလဲဆိုတာ မပေါ်တော့ သူပြောတာနဲ့ လက်ရှိအခြေအနေနဲ့ မဟုတ်တဲ့အကြောင်း ညှိနှိုင်းလို့ရမယ်။”

ထိုင်းမြန်မာနယ်စပ်မှာ အကြီးဆုံးစခန်းတခုဖြစ်တဲ့ မယ်လဒုက္ခသည်စခန်းက စခန်းဥက္ကဋ္ဌက စောထွန်းထွန်းက အခုလိုတုံ့ပြန်ပြောဆိုပါတယ်။

“ကျနော်တို့ ဒုက္ခသည်တွေက စစ်ကြောင့် နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကနေ ထွက်ပြေးလာတဲ့ လူတွေပဲပေါ့။ ဒါပေမယ့် ကေအန်ယူရဲ့ မိသားစုလို့ ကျနော်တို့ ကျောထောက်နောက်ခံ ရှိတယ်လို့ ပြောမရဘူး။ တကယ့်တကယ် ဒုက္ခသည်မဟုတ်ဘဲ နိုင်ငံခြားသွားချင်လို့ဆိုပြီး ရောက်လာပြီး ဒုက္ခသည်အဖြစ်နေထိုင်တာတွေလည်းရှိတယ်။ ဒါပေမယ့် ၈၀ ရာခိုင်နှုန်းကျော်ကတော့စစ်အစိုးရရဲ့ ဖိနှိပ်ညှဉ်းပန်းမှုမျိုးစုံကို ခံရပြီးတော့ ထွက်ပြေးတိမ်းရှောင်လာတဲ့ လူတွေပဲလို့ပြောချင်တယ်။”

ထိုင်း–မြန်မာနယ်စပ်မှာ ဒုက္ခသည်စခန်း ၁၀ ခုခန့်ရှိပြီး ဒုက္ခသည်ပေါင်း တသိန်းကျော် ခိုလှုံနေထိုင်နေကြတာ ဆယ်စုနှစ်နဲ့ချီ ရှိနေပြီ ဖြစ်ပါတယ်။ ဒုက္ခသည်တွေအတွက် အစားသောက်တွေကူညီပေးနေတဲ့ ထိုင်း–မြန်မာ နယ်စပ်ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့ (တီဘီဘီစီ) ရဲ့ လက်ထောက်ဒါရိုက်တာ Selly Thompson) ကတော့ ပြန်ကြား ရေးဝန်ကြီးရဲ့ ပြောဆိုချက်ကို ပယ်ချလိုက်ပြီး ဒုက္ခသည်တွေအများစုဟာ ပြည်တွင်းမငြိမ်မသက်မှုကြောင့် ထွက်ပြေးလာသူတွေဖြစ်တယ်လို့ ပြောပါတယ်။ မြန်မာပြည်မှာ ၁၉၅၀ ခုနှစ်လောက်ကစပြီး ပြည်တွင်းစစ်ဖြစ်တာ နှစ်ပေါင်း (၆၀) ခန့်ကြာမြင့်လာပြီး သိန်းနဲ့ချီတဲ့ ဒုက္ခသည်အများအပြား နယ်စပ်တွေမှာ ခိုလှုံနေကြပါတယ်။

# နအဖ အတင်းအဓမ္မစစ်သားစုဆောင်း

**DVB ၊ မတ်လ ၂၂ ။** ။ မြန်မာ့တပ်မတော်က ရန်ကုန်တိုင်း သုံးခွမြို့နယ်က လူငယ်တယောက်ကို စစ်တပ်ထဲ အတင်းသွတ်သွင်းခဲ့တယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် (၁) ရပ်ကွက်နေ ဦးသန်းဦး၊ ဒေါ်ခင်မာအေးတို့ရဲ့သား အသက် (၂၀) အရွယ် မောင်ဇော်မင်းထွန်းဟာ မိဘငွေသုံးမိတာကို ပြန်ဖြည့်ဖို့ အလုပ်သွားအလုပ်မှာ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ အခြေပြု ခလရ (၁၃၉) က ဒုတပ်ကြပ်တင့်လွင်က ညာခေါ်ပြီး ဒညင်းကုန်းစစ်သားစုဆောင်းရေး (၉၅၄) ဂျီအီးတပ်ရင်းက တပ်ကြပ်ကြီးစာရေးဦးသန်းမောင်ဆီ တဆင့်ခံ ရောင်းစားသွားတာလို့ မိခင်ဖြစ်သူက ပြောပါတယ်။

“သူအလုပ်လုပ်မယ်၊ အလုပ်လုပ်ပြီး သူသုံးထားတဲ့ ပိုက်ဆံတွေကိုပြန်ဆပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဦးတည်ရာကို ထွက်သွားတဲ့အချိန်မှာ သန်လျင်မှာ ဦးတင့်လွင်နဲ့သွားတွေ့တာ၊ ၁ သိန်းကျော်ရမယ်ပေါ့။ အဲဒါဆိုရင် သူလုပ်မယ်ဆိုပြီး စစ်ထဲကို သွင်းလိုက်တယ်။ သွင်းတော့ ကျမသားက ဆိုင်းဘုတ်တွေဖတ်ပြီးတော့ မှ တပ်မှန်းသိရတာ။ အဲတော့မှ ကလေးစစ်သားတွေကို သွားတွေ့တာ။ ကျမသားစိတ်မှာလည်း မပါဘူး။ ကျမကလည်း ခွင့်မပြုဘူး။ ကျမသားက အလုပ်ဆိုပြီးတော့ စစ်တပ်ဆိုတာ မသိဘဲဝင်တာ။”

ဒ့ါအပြင် သူ့ရဲ့သားကို ဒညင်းကုန်း စစ်သားစုဆောင်းရေးတပ်မှာ သွားတွေ့စဉ် တပ်ထဲမှာ မူးယစ်ဆေးဝါးတိုက်ကျွေးခံရလို့ ကြောင်တောင်တောင်ဖြစ်နေပြီး မိခင်ဖြစ်သူကို မမှတ်မိဘူးလို့ ဆိုပါတယ်။

“ကလေးပါးစပ်က ဟလို့လည်းမရဘူး၊ မျက်လုံးကြီးကလည်း ရွဲပြီးတော့ သတိရတချက်မရတချက်၊ ဘယ်သူ့မှမပြောပါနဲ့တဲ့။ မိဘတွေလာတွေ့ရင် လိုက်သွားမှာလားပေါ့။ နှိပ်စက်မှာကြောက်လို့ မလိုက်ပါဘူးဆိုပြီးပြောတော့ ဘာဆေးမှန်းလည်းမသိဘူးပေါ့၊ ဆေး ၂ ပြားတိုက်လိုက်တယ်။ ကျမသားက သတိအမှန်ပြန်ရတော့ ကျမမေးတာကို ပြောတယ်။ ဘယ်သူ့မှ မပြောဖို့မှာတယ်။ သားကြောက်လို့ပါလို့ ပြောတယ်။”

သားကိုပြန်ခေါ်ချင်ရင် ငွေ နှစ်သိန်းသုံးသိန်းနဲ့ လူစားပြန်ပေးမှ ပြန်ခေါ်ခွင့်ပြုမယ်လို့ တပ်အာဏာပိုင်က သူ့ကို ပြောခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် မိခင်ဖြစ်သူဟာ နယ်မြေခံအဖွဲ့ချုပ်ဝင်တွေရဲ့ အကူအညီနဲ့ (၉၅၄) အင်ဂျင်နီယာတပ်ရင်းက တပ်ကြပ်ကြီးစာရေးဦးသန်းမောင်နဲ့ ခလရ (၁၃၉) က ဒုတပ်ကြပ်ဦးတင့်လွင်ကို တရားစွဲဖို့ပြင်ဆင်နေပါတယ်။

**မျက်နှာ ဖုံးမှ**

မားကြီးတွေကြီးမှူးပြီး ရန်ကုန်မြို့ ပါရမီရိပ်သာမှာရှိတဲ့ သခင်သိန်းဖေ အိမ်နေအိမ်မှာ ဒီကနေ့ မနက်ပိုင်းက ကျင်းပပါတယ်။

အခမ်းအနားကို လူတရာခန့်တက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဦးတင်ဦးတို့လည်း တက်ရောက်ခဲ့ကြပါတယ်။ အခမ်းအနားမှာရက်စက်တဲ့ဖက်ဆစ်ဝါဒကိုပြည်သူလူထုတရပ်လုံးကတွန်းလှန်ခဲ့တဲ့ဖြစ်ရပ်တွေကိုပဲ အဓိကထားပြောကြားကြတယ်လို့ ဝါရင့် နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ပြောပါတယ်။

ဖက်ဆစ်တော်လှန်ရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူတွေထဲမှာ အခုဆိုရင် ဝါရင့်နိုင်ငံရေးသမားကြီးတွေဖြစ်တဲ့ သခင်သိန်းဖေ၊ သခင် ချန်ထွန်း၊ ဝါးခယ်မ သခင်သိန်းမောင်၊ သခင်တင်မြ၊ သခင်လှကွန်းစတဲ့ ထင်ရှားတဲ့ သခင်အနည်းငယ်သာ သက်ရှိထင်ရှားကျန်ရှိပါတယ်။ရဲ ဘော်သုံးကျိပ်ဝင်သခင်ရွှေ (ခေါ် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက တ ရုတ်နိုင်ငံမှာရှိနေပြီး သခင်အောင်သိန်း (ခေါ်) ဗိုလ်ရဲထွတ်က ရန်ကုန် မှာနေထိုင်နေပါတယ်။

အခုလို မတ်လ ၂၇ ရက်နေ့ ရောက်တိုင်း တော်လှန်ရေးရဲဘော်ဟောင်းတွေ မိတ်ဆုံစားပွဲ လုပ်လေ့ရှိပြီး လေထီးဆင်း ရဲဘော်ဟောင်းတွေကလည်း သီးခြားမိတ်ဆုံစားပွဲ ကျင်းပလေ့ရှိပေမယ့် ဒီနှစ် မကျင်းပ ဖြစ်ဘူးလို့ သိရပါတယ်။ လေထီး ရဲဘော်ဟောင်းတွေရဲ့ မိတ်ဆုံစားပွဲကို မနှစ်ကအထိ ကျင်းပခဲ့တာပါ။

ဝါရင့် နိုင်ငံရေးသမားကြီးတွေ ဒီကနေ့ကျင်းပတဲ့ တော်လှန်ရေးနေ့ အခမ်းအနားကို သခင်တင်မြနဲ့ သခင်လှကွန်းတို့ မတက်ရောက်ဘူးလို့ သိရပါတယ်။ အခမ်းအနားကို စောင့်ကြည့် မှတ်တမ်းယူသူတွေ ရှိပေမယ့် အာဏာပိုင်တွေဘက်က အနှောင့်အယှက် တစုံတရာပေးတာ မရှိဘူးလို့လည်း သိရပါတယ်။

# ရွှေတြိဂံနယ်မြေဗဟိုပြုပြီး ပြင်းအားကြီး လျှင်လှုပ်ခတ်သွား

**VOA ။ မတ်လ ၂၄ ။** ။ မြန်မာ၊ ထိုင်းနဲ့ လာအိုနိုင်ငံ ထိစပ်နေတဲ့ ရွှေတြိဂံဒေသမှာ ဗဟိုပြုလှုပ်ခတ်သွားခဲ့တဲ့ လျှင်ကြောင့် ထိုင်း၊မြန်မာ နယ်စပ်က မယ်ဆိုင်မြို့မှာ လူတယောက်သေဆုံးခဲ့ရပြီးတာချီလိတ်မြို့မှာလည်း အနည်းဆုံး ကလေးတယောက်သေဆုံးပြီး ၆ ယောက်လောက်ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ဒေသခံတွေကပြောပါတယ်။လျှင်လှုပ်ပြီးနောက်ပိုင်းမှာ တာချီလိတ်မြို့မှာ ဖုန်းလိုင်းနဲ့လျှပ်စစ်မီးတွေ ပြတ်တောက်သွားခဲ့သလို နောက်ဆက်တွဲ လျှင်ငယ်တွေ ဆက်တိုက်လှုပ်ခတ်နေတာကြောင့် လူတွေဟာအိမ်အထဲမှ လမ်းမတွေပေါ်မှာ ထွက်နေကြရပါတယ်။ ကြာသပတေးနေ့ ညဦးပိုင်းက လှုပ်ခတ်ခဲ့တဲ့ လျှင်ရဲ့ နောက်ဆက်တွဲ အခြေအနေတွေကို ဗွီအိုအေ ထိုင်းအခြေစိုက်သတင်းထောက် ကိုမိုးဇော်က တင်ပြပေးထားပါတယ်။

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်မြို့နဲ့ မိုင် ၇၀ လောက်အကွာ ရွှေတြိဂံဒေသကိုဗဟိုပြုပြီး မနေ့ည ၈ နာရီခွဲလောက်က အင်အားပြင်းထန်တဲ့ လျှင် ၂ ကြိမ် လှုပ်ခတ်ခဲ့ပါတယ်။ ဒီလျှင်တွေရဲ့ ပြင်းအားကိုတော့ အမေရိကန် ဘူမိဗေဒ လေ့လာရေးဌာနက ပြင်းအားအဆင့်ရစ်ချ်စတာစကေး ၇ ရှိတယ်လို့ အစောပိုင်းက သတင်းထုတ်ပြန်ပြီး နောက်ပိုင်းမှာတော့ ထိုင်း မိုးလေဝသ ဌာနက ပြင်းအား ၆.၈ ရှိတယ်လို့ သတင်းထုတ်ပြန်ပါတယ်။

ဒီလှုပ်ခတ်ခဲ့တဲ့ လျှင်ကြောင့် ထိုင်းနယ်စပ်က မြန်မာနိုင်ငံ တာချီလိတ်မြို့မှာတော့ ကလေးတယောက်သေဆုံးပြီး လူ ၆ ယောက်ထိခိုက် ဒဏ်ရာရတယ်လို့ ဒေသခံတယောက်က ပြောပါတယ်။

"ကလေးတယောက် သေတယ်။ နောက် လူ ၆ ယောက်လောက် ဆေးရုံမှာ ဒဏ်ရာနဲ့ ရောက်နေတယ်။"

ဒီလို သေဆုံး ဒဏ်ရာရတာနဲ့ ပတ်သက်ပြီး သီးခြား အတည်ပြုချက်တော့ မရသေးပါဘူး။ လျှင်လှုပ်ပြီးနောက်ပိုင်း တာချီလိတ်မြို့မှာ တယ်လီဖုန်းလိုင်းနဲ့ လျှပ်စစ်မီးတွေ ပြတ်တောက်သွားခဲ့ပါတယ်။ တာချီလိတ်မြို့နဲ့ ကပ်လျက်တည်ရှိတဲ့ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာလည်း အမျိုးသမီးတယောက် သေဆုံးခဲ့တယ်လို့ မယ်ဆိုင်မှာ နေထိုင်နေသူတယောက်က အခုလို ပြောပါတယ်။

"ကျနော်တို့အနီးအနားမှာတော့ အထိအခိုက် မရှိဘူး။ ကျနော်တို့နဲ့နည်းနည်းလေးဝေးတဲ့ နေရာက ဗလီရှိတဲ့ ရပ်ကွက်မှာကအုတ်နံရံ တခုပြိုကျသွားပြီး လူတယောက်သေတယ်။ မယ်ဆိုင်မှာ လူတယောက် သေတယ်။ အမျိုးသမီးတယောက်ပဲ။ ဒါ ဒီအနီးအနားကပဲကြားသေးတာပေ့ါနော်။ကျန်တဲ့နေရာတော့မသိသေးဘူး။ဘာလို့လဲဆိုတော့ဒီမှာ ညကလည်း ၁၀ နာရီ၊ ၁၁ နာရီ ဖြစ်နေတာ ဆိုတော့လေ။ တော်ရုံတန်ရုံ ဘယ်သူမှလည်း မပြင်မထွက်ကြတော့ မပြောနိုင်သေးဘူးလေ၊ ဘယ်နားမှာ ဘာဖြစ်တယ်ဆိုတာ။"

လျှင်ကြီး ၂ ကြိမ် လှုပ်ပြီးတဲ့နောက်မှာ လျှင်ငယ်လေးတွေ ဆက်တိုက်လှုပ်ခဲ့တယ်လို့လည်း သူကဆက်ပြောပါတယ်။

"၂ ကြိမ်မှာ ပထမတကြိမ်က တော်တော်ပြင်းပြင်းထန်ထန် လှုပ်ပြီးတာနဲ့ ခဏလေးနေတော့ နောက်တကြိမ် ထပ်လှုပ်တယ်လေ။ ထပ်လှုပ်ပြီးတဲ့ အပြင်ကို အခုထိလည်း တချက်တချက် လှုပ်တုန်းပဲ။ ကျနော်တို့ဆိုအပြင်မှာပဲ၊ အထဲမှာ ထိုင်မနေရဲဘူးပေ့ါ။ အခုထက်ထိ ဆိုရင်က ၄ ကြိမ်လောက် ရှိနေပြီ။"

မြန်မာစံတော်ချိန် ည ၁၀ နာရီကျော်လောက်မှာလည်း အတော်အတန်ပြင်းအားရှိတဲ့ လျှင်တကြိမ် ထပ်မံလှုပ်ခတ်ခဲ့တာကိုတော့ တာချီလိတ် ဒေသခံတယောက်က အခုလို ပြောပါတယ်။

"လျှင်တွေ တအားလှုပ်နေတယ်။ ခုနလေးပဲ လှုပ်သွားတယ်။ ၈ နာရီ ၂၀ လောက်ကနေ စလှုပ်တာပေ့ါ။ အိမ်တွေ တော်တော်များများ တုန်ခါသွားတာပေ့ါ။ စံစိုင်းမှာဆို အိမ်တအိမ် အက်သွားတာပေ့ါ၊ တိုက်ကြီးက။ ညတွင်းချင်းတော့ ဘယ်မှ မသွားရဲဘူး။ ကိုယ့်အိမ်ထဲမှာ ကိုယ်နေ၊ လမ်းဘေးမှာ တက်ထိုင်နေကြတာပဲ။ ၈ နာရီလောက်မှာ အပြင်းဆုံးတကြိမ်၊ နောက်တခါ ၉ နာရီလောက်မှာ တကြိမ်၊ နောက်တော့ အသေးလေးတွေ အသေးလေးတွေလှုပ်ပြီး ခုဏလေးပဲ ၂ မိနစ်လောက်ပဲရှိသေးတယ်။ နည်းနည်းပြင်းပြင်းတချက် လှုပ်သွားပြန်တယ်။ အခုလှုပ်နေတယ် အခုလှုပ်နေတယ်။ တအားနဲ့လှုပ်နေတယ်။ တအားပြင်းတယ် တအားပြင်းတယ် အခု။ လူတွေ အကုန်ပြေးဆင်းကုန်ပြီ။ အကုန်လမ်းမပေါ်ရောက်နေပြီ။"

ဒီလှုပ်ခတ်မှုကတော့ ပထမဆုံးအကြိမ် လှုပ်ခတ်တာလောက် မပြင်းဘူးလို့ မယ်ဆိုင်မှာ နေထိုင်သူက ပြောပါတယ်။

"ပထမဆုံးဖြစ်တာထက်စာရင် နည်းနည်းတော့ နည်းတယ်။ ဒါပေမဲ့ ပြင်းတော့ပြင်းတယ်။ စက္ကန့်ပိုင်းလေးပဲ ဖြစ်ပြီးတော့ ငြိမ်သွားတယ်။ ဒါပေမဲ့ အောက်မြေကြီးက အခုထက်ထိ တုန်နေတုန်းပဲ။"

ဒါကတော့ မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲလောက်က ဖြေဆိုသွားတာဖြစ်ပါတယ်။ ဒီလိုမြေလျှင်တွေ ဆက်တိုက်လှုပ်ခဲ့တာကြောင့် တာချီလိတ်နဲ့ မယ်ဆိုင်က ဒေသခံတွေဟာ အိမ်အတွင်းမှာ မအိပ်ရဲဘဲ လမ်းမတွေပေါ်မှာ အိပ်နေကြရပါတယ်။

ရွှေတြိဂံဒေသမှာ ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့ လျှင်ဟာ တရုတ်၊ မြန်မာနယ်စပ်က ရွှေလီ၊ မြန်မာပြည်အလယ်ပိုင်းက စစ်ကိုင်း၊ကယားပြည်နယ်လွိုင်ကော်၊ပဲခူးမြို့ကြီးတွေအပြင် ထိုင်းနိုင်ငံ ချင်းမိုင်နဲ့ဘန်ကောက်မြို့တွေမှာလည်း သက်ရောက်မှုရှိခဲ့ပါတယ်။ အခုဖြစ်တဲ့လျှင်ဟာ ကုန်းတွင်းပိုင်းမှာဖြစ်ပွားခဲ့တာကြောင့် ဆူနာမီသတိပေးချက်တွေတော့ ထုတ်ပြန်တာမရှိခဲ့ပါဘူး။

---

# ဆက်ပိတ်ထားလိုကြောင်း ဒေါ်စုပြော

**RFA ။ မတ်လ ၂၃ ။** ။ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံတွေက စီးပွားရေးအရ ပိတ်ဆို့ထားတာတွေကို ဆက်ပြီးထားဖို့ လိုမယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကမတ်လ ၂၃ရက်ဒီကနေ့ဂျာမနီကသတင်းစာ တစောင်နဲ့ မေးမြန်းခန်းမှာ ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ ပိတ်ဆို့မှုတွေကို ရုပ်သိမ်းရေးဥရောပသမဂ္ဂက ပြန်လည် စဉ်းစားမဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က ခုလို ပြောဆိုလိုက်တာပါ။

ဒေါ်အောင်ဆန်းစုကြည်က ဂျာမန်သတင်းစာ Franfurter Rund schau နဲ့ မေးမြန်းခန်းမှာ ပိတဆို့မှုတွေ ရုပ်သိမ်းပေးဖို့ ဆိုရင်တိုးတက်မှု အပြောင်းအလဲတခုခု မြင်တွေ့ရဖို့ လိုတယ်လို့ပြောပါတယ်။

**စာမျက်နှာ ၇ သို့**

# နအဖစစ်အုပ်စု ကျန်းမာရေး အသုံးစရိတ် လူတဦး တနှစ် ၂ ဒေါ်လာထက်နည်း

**VOA । မတ်လ ၂၃ ။** ။ လာမယ့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအသုံးစရိတ်လျာထားချက်ဟာ ပတ်ဝန်းကျင် နိုင်ငံတွေနဲ့ယှဉ်ရင် အနည်းဆုံးဖြစ်နေပါတယ်။ ဒီ့အပြင် ကြုံနေရတဲ့ ကျန်းမာရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လုံလောက်တဲ့ ပမာဏမဟုတ်ဘူးလို့လည်း ဝေဖန်ကြပါတယ်။ အပြည့်အစုံကို ကိုသားညွှန့်ဦးက တင်ပြပေးထားပါတယ်။

အခု လဆန်းပိုင်းက ထွက်လာခဲ့တဲ့ လာမယ့် ၂၀၁၁-၂၀၁၂ အစိုးရအသုံးစရိတ်မှာ ကျန်းမာရေးကဏ္ဍအတွက် ၁.၃% လျာထားပါတယ်။ အမေရိကန်ဒေါ်လာ သန်း ၁၁၀ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ခန့်မှန်းခြေ လူဦးရေသန်း ၆၀ နီးပါးနဲ့ တွက်ရင်တော့ တဦးကို ကျန်းမာရေးအသုံးစရိတ်က ၂ ဒေါ်လာ သာသာပဲရှိပါတယ်။ ဒါတွေဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် အင်မတန်နည်းပါးသလို မြန်မာနိုင်ငံမှာ လက်ရှိကြုံနေရတဲ့ ကျန်းမာရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့တောင် လုံလောက်မှုမရှိဘူးလို့ NCGUB အဝေးရောက် အစိုးရအဖွဲ့ရဲ့ ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက ဝေဖန်ပါတယ်။

"အင်ဒိုနီးရှားမှာဆိုရင် တဦးချင်း ကျန်းမာရေးအသုံးစရိတ်က ၄၄ ဒေါ်လာရှိတယ်။ ဘတ်ဂျက်တခုလုံးရဲ့ ၆.၂% လောက် ရှိတယ်ဆိုတာ တွေ့ရတယ်။ လာအိုမှာတောင်မှ တဦးချင်းသုံးစွဲမှုက ၃၅ ဒေါ်လာရှိတာ တွေ့ရတယ်။ မြန်မာနိုင်ငံမှာတော့ အခုပြဋ္ဌာန်းလိုက်တဲ့ ဘတ်ဂျက်အရဆိုရင် ကျန်းမာရေးအတွက်သုံးစွဲမှုက အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်မယ်ဆိုရင် တော်တော်နည်းပါးတာကို တွေ့ရပါတယ်။"

ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်တုန်းက ကျပ်သန်းပေါင်း ၆၀,၀၀၀ ကျော်ကနေ အခုနှစ်မှာ ၉၀,၀၀၀ ကျော် သတ်မှတ်လိုက်တယ်ဆိုတော့ ပိုတိုးလာတယ်လို့ရော အကောင်းမြင်ဘက်က ကြည့်လို့မရဘူးလားခင်ဗျ။

"ကျနော်တို့ မြန်မာနိုင်ငံရဲ့ ငွေကြေး ဖောင်းပွမှုက Economic Intelligence Unit က ကိန်းဂဏန်းတွေအရ ဆိုရင် ပျမ်းမျှခြင်းအားဖြင့် ၆% လောက်ရှိပါတယ်။ တိုးလိုက်တဲ့ ကျန်းမာရေး အသုံးစရိတ်ဟာ ငွေကြေး ဖောင်းပွမှုနှုန်းနဲ့ယှဉ်လိုက်ရင် ငွေကြေးဖောင်းပွမှုက ပိုများနေတဲ့အတွက်ကြောင့် တိုးလာတယ်လို့တောင် ပြောလို့မရပါဘူး။ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာတယ်ဆိုတာက လူတဦးချင်းရဲ့ ပျမ်းမျှသက်တမ်းတွေ၊ ကလေးမွေးသေနှုန်းတွေ၊ ဒါတွေအပေါ်မှာ အခြေခံပြီးတိုင်းတာရပါတယ်။

"ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်ရဲ့ ၂၀၀၅ ကိန်းဂဏန်းတွေအရဆိုရင် မြန်မာနိုင်ငံမှာ ကလေး ၁,၀၀၀ မွေးရင် သေဆုံးက ၇၉ ယောက်ရှိတယ်။ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ယှဉ်မယ်ဆိုရင် အင်ဒိုနီးရှားမှာဆိုရင် ၃၈ ယောက်ပဲ သေဆုံးတယ်။ ထိုင်းနိုင်ငံမှာ ၂၆ ယောက်ပဲ သေဆုံးတယ်။ ဖိလစ်ပိုင်မှာဆိုရင် ၃၁ ယောက်ပဲ သေဆုံးတယ်။

"လူတဦးချင်းစီရဲ့ ပျမ်းမျှအသက်ရှင်နိုင်တဲ့အနေအထားတွေကို ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ပျမ်းမျှခြင်း အသက်ရှည်တဲ့အသက်က ၆၀.၂ ပဲရှိတယ်။ အင်ဒိုနီးရှားမှာဆိုရင် ၆၆.၈ ရှိတယ်။ ထိုင်းနိုင်ငံမှာဆိုရင်း ပျမ်းမျှသက်တမ်း ၇၀ ရှိတယ်ဆိုတာ တွေ့ရတယ်။ အခုဆိုရင် မြန်မာပြည်မှာ အဓိကအားဖြင့်တော့ HIV/AIDS တို့၊ TB တို့၊ ငှက်ဖျားတို့ဟာ လူထုကျန်းမာရေးဆိုင်ရာ အကြီးအကျယ်စိန်ခေါ်မှုကြီးတွေ၊ တကယ့်ကူးစက်ရောဂါကြီးတွေ ဖြစ်နေတာတွေ့ရပါတယ်။"

မြန်မာနိုင်ငံကျန်းမာရေးအတွက် အစိုးရက အသုံးစရိတ် အခုလိုနည်းသလို တဘက်မှာလည်း ကုလသမဂ္ဂအေဂျင်စီတွေ၊ ကူညီရေးအဖွဲ့တွေရဲ့ကျန်းမာရေး၊ လူမှုရေး အကူအညီဟာလည်း ကျန်နိုင်ငံတွေနဲ့ယှဉ်ရင် အင်မတန်နည်းပါးပါတယ်။ ဒါဟာလည်း မြန်မာ အစိုးရဘက်က ငွေကြေးသုံးစွဲမှုအပိုင်းမှာ တာဝန်ခံမှု မရှိတာ၊ သိသာမြင်သာမှုမရှိတာတွေကြောင့် အလှူရှင်တွေဘက်က တွန့်ဆုတ်တာ ဖြစ်တယ်လို့ သူက ဝေဖန်ပါတယ်။

ဒါကြောင့်လည်း အစိုးရဘက်ကစီမံခန့်ခွဲမှုတိုးတက်လာမှလည်း နိုင်ငံတကာအကူအညီတွေ တက်လာမယ်လို့ ယူဆပါတယ်။ ဒါပေမဲ့လည်း တဘက်မှာ သဘာဝဓာတ်ငွေ့နဲ့ ရေနံကနေ တနှစ်ကို အမေရိကန်ဒေါ်လာ ခန့်မှန်းခြေ ၃ ဘီလီယံကျော်ဝင်ငွေရတဲ့အချိန်မှာ လူထုအတွက် ကျန်းမာရေးနဲ့ပညာရေးအသုံးစရိတ်ကို အခုထက်ပို သုံးစွဲသင့်ပါတယ်လို့ ဒေါက်တာသောင်းထွန်းကတော့ ဝေဖန်ပါတယ်။

အစိုးရဘတ်ဂျက်မှာတော့ ကျန်းမာရေးနဲ့ ပညာရေး ပေါင်းရင် လာမယ့်နှစ်အတွက် ၅% ပဲ ရှိပေမဲ့ ကာကွယ်ရေးအတွက် အသုံးစရိတ်ကတော့ ၂၄% ရှိထားပါတယ်။

---

# ကွန်ဟိန်း ရွာများကို အဓမ္မပြောင်းခိုင်း

**DVB । မတ်လ ၂၃ ။** ။ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ်ထဲက ရွာပေါင်း ဖ ရွာကို နမ့်ဇန် ကွန်ဟိန်း ကားလမ်းနားကို မတ်လ ၃၁ ရက် နောက်ဆုံးထားပြီး အပြီးပြောင်းရွှေ့ဖို့ နအဖစစ်တပ် ခမရ ၂၄ဖ က ညွှန်ကြားထားပါတယ်။

ကွန်ဟိန်းမြို့နယ်ထဲက နန့်တွန့်ရွာ အိမ်ခြေ ၇၀၊ နန့်လွယ်ရွာ အိမ်ခြေ ၂၅၊ ကောက်ဟရွာ အိမ်ခြေ ၂၀၊ ကံပေါက်ရွာက အိမ်ခြေ ၃၀၊ မိုင်းနင်းနဲ့ နောင်တောက် တဝိုက် ရွာတွေက အိမ်ခြေ ၄၀ လောက်တို့ကို အပြီးပြောင်းရွှေ့ဖို့ ညွှန်ကြားထားတယ်လို့ ကွန်ဟိန်းမြို့ခံတဦးက ပြောပါတယ်။

"အဲဒါ ကားလမ်းနဲ့ အနီးတဝိုက်မှာ ရွှေ့ခိုင်းတယ်လို့ ကြားပါတယ်။ ရှမ်းသူ ပုန်တွေ အထောက်အပံ့မရအောင်ပေါ့။"

ဒေသခံတွေဟာ ရွှေ့ပြောင်းရမယ်ဆိုတဲ့အတွက် ခြေလျင်နဲ့ တရက်ဝေးတဲ့ အရပ်ကို မိုးရွာကြီးထဲမှာ ရွှေ့ပြောင်းခဲ့ရတယ်လို့ တခြားဒေသခံအမျိုးသမီးတယောက် က ရှမ်းဘာသာနဲ့ ပြောပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၁၀ ရက်နေ့၊ ၁၁ ရက်နေ့တွေတုန်းက ကွန်ဟိန်းမြို့နယ် ခိုလမ်မြို့နယ်ခွဲ နောင်ဟိတ်ရွာဘက်မှာ ရှမ်းပြည်တပ်မတော် တောင်ပိုင်းနဲ့ နအဖစစ်တပ် ခမရ ၂၄ဖ နဲ့ ခမရ ၅၂၄ တို့ တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတဲ့နောက် ရွာသားတွေကို ခုလိုရွှေ့ပြောင်းခိုင်းတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က မိုင်းရှူးမြို့နယ်ထဲမှာ ဖြစ်ပွားသွားခဲ့တဲ့ နအဖစစ်တပ်နဲ့ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းတို့ရဲ့တိုက်ပွဲမှာ နမ့်လောင်းနဲ့ မိုင်းကောင်ဝ်ဒေသက ရွာသားတွေ ပေါ်တာဆွဲခဲ့ခံရတယ်လို့ ဒီဗွီဘီ ရှမ်းသတင်းထောက် စိုင်းဆိုင်ယက ခုလိုပြောပါတယ်။

"နမ့်လောင်းတို့ မိုးကောင်းဘက်မှာ နေ့လယ်ပိုင်းလောက် သူတိုဖမ်းပြီး အထမ်းလည်းလုပ်ခိုင်းတယ်၊ SSA တွေ ဘယ်မှာတည်းတယ်၊ ဘယ်မှာ သူတို့ စခန်းရှိတယ်ဆိုတာ သွားပြခိုင်းတယ်။"

# ပြည်ထောင်စုလွှတ်တော်တွင် စီးပွားရေးပိတ်ဆို့မှု ကန့်ကွက်ရန် ပြင်

**DVB । မတ်လ ၂၃ ။** ။ မနက်ဖြန် ပြုလုပ်မယ့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ နိုင်ငံတကာရဲ့စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေကို လွှတ်တော် က ကန့်ကွက်ဖို့ အဆို စတင်တင်သွင်းတော့မယ်လို့သိရပါတယ်။

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့ဒဏ် ခတ်မှုတွေကို လွှတ်တော်က တရားဝင်ကန့်ကွက်ဖို့ အဆိုကို မနက်ဖြန်ပြုလုပ် မယ့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ စတင်တင်သွင်းတော့မှာ ဖြစ် ပါတယ်။ ကြံ့ခိုင်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဟောင်းဦးဌေးဦးက အဆိုတင်ဖို့ရှိနေ တာဖြစ်ပါတယ်။ ဒီလိုရှိနေတာနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင် အားစု ပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်ကအခုလိုပြော ပြပါတယ်။

"ဦးဌေးဦး ဟာသ်ာတက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှု များကို လွှတ်တော်က ကန့်ကွက်ကြောင်း အဆိုတင်တယ်၊ အဲဒါထူးခြားတာပေ့ါ။ ဒါကတော့တနိုင်ငံလုံးနဲ့ဆိုင်တဲ့ကိစ္စပေ့ါ၊လွှတ်တော်ကတော့ဒီအဆိုကိုမနက်ဖြန် ကျရင် ဒီအဆိုကို ဆုံးဖြတ်မှာပေ့ါ။"

ဒီအဆိုအပြင် စီးပွားရေးနဲ့ပတ်သက်တဲ့ အဆိုနှစ်ခု၊ စက်မှုဇုန်တွေနဲ့ ပတ် သက်တဲ့ အဆိုတွေကိုလည်း တင်သွင်းပြီး လက်ခံဆွေးနွေးဖို့ သင့်မသင့် ကိုဆုံးဖြတ်ကြမှာဖြစ်တယ်လို့လည်းဦးဘုန်းမြင့်အောင်ကဆက်ပြောပတယ်။ ပြည်ထောင်စုလွှတ်တော်မှာ မေးမြန်းမယ့်မေးခွန်းတွေကတော့ ၆ ခုလောက် ရှိနေပြီးတော့ စိုက်ပျိုးရေး၊ ပါတီစုံဒီမိုကရေစီစနစ်၊ လမ်းပန်းဆက်သွယ် ရေး၊ လျှပ်စစ်စွမ်းအင်နဲ့ပညာရေးဆိုင်ရာမေးခွန်းတွေကို မေးမြန်းဖြေဆိုကြရမှာလည်း ဖြစ်ပါတယ်။ ဒီကနေ့ ပြီးဆုံးသွားတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ မေးခွန်းတွေမှာ မကွေးတိုင်းထဲက မော်တော်ကား လမ်းတွေနဲ ဆိုင်တဲ့မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေဆို ခဲ့သလို ချင်းပြည်နယ်အတွင်းက မြို့နယ်သတ်မှတ်ပေးရေးမေးခွန်းကိုတော့ပြည် ထဲရေးဝန်ကြီး ဦးမောင်ဦးက ပြန်လည်ဖြေဆိုခဲ့ပါတယ်။

အဆိုတွေမှာဆိုရင်တော့ "တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ် သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်" အဆိုကတော့ ပြန်လည်ရုပ်သိမ်းခဲ့ရပါတယ်။ ၁၄ရက် ကြာ အမျိုးသားလွှတ်တော်အတွင်း တင်သွင်းခဲ့တဲ့ အဆိုတွေထဲက အဆို ၁ ခုပဲ အစိုးရအနေနဲ့ ဆက်လက်လုပ်ဆောင်ဖို့ အတည်ပြုထားပါသေးတယ်။ ဒီကနေ့ မှာပဲ နောက်ဆုံးအနေနဲ့ ပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအ ဝေးမှာတော့ မေးခွန်း (၅) လောက် အပြန်အလှန်မေးမြန်း ဖြေဆိုခဲ့ကြပါတယ်။ အမျိုးသားဒီမို ကရေစီအင်အားစုပါတီ စမ်းချောင်းမဲဆန္ဒနယ်မှဦးစိုးဝင်းက တင်သွင်းတဲ့ "အ သေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ ပေးရေး" အဆိုကို ပြန်လည် ရုပ်သိမ်းခဲ့ပါတယ်။

၁၄ ရက်ကြာ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မေးခွန်းစုစုပေါင်း ၄၆ ခု၊ အဆို ၁၇ ခု တင်သွင်းခဲ့ပြီး တင်သွင်းခဲ့တဲ့အဆိုတွေထဲက ၄ ခုကိုတော့ အစိုးရအဖွဲ့ အနေနဲ့ ဆက်လက်လုပ်ဆောင်ဖို့ အတည်ပြုခဲ့ပြီး ဒီအဆိုတွေဟာ လည်း ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်တွေ တင်သွင်းတဲ့အဆိုအများစုသာ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၅ မှ**

**မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုတွေကြောင့်ဥရောပ နဲ့ အမေရိကန်နိုင်ငံတွေက စီးပွားရေးအပါအဝင် တခြားပိတ်ဆို့မှု တွေ ကန့်သတ်ထားတာ ဖြစ်ပါတယ်။**

**အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ကန့်သတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ဆက်ပြီး ထားရှိဖို့ ဆုံးဖြတ်ထားပေမဲ့ ဥရောပသမဂ္ဂ EU အနေနဲ့လာမဲ့ ဧပြီလအတွင်း ပြန်လည် သုံးသပ်စဉ်းစားဖို့ ရှိနေပါ တယ်။**

**စီးပွားရေးပိတ်ဆို့မှုကို ထောက်ခံသူတွေအနေနဲ့ နိုင်ငံရေးအ ကျဉ်းသား ၂,၂၀၀ ကျော် ရှိနေတဲ့ စစ်အစိုးရကို ဖိအားပေးနိုင်ဖို့ မြန်မာ နိုင်ငံအပေါ် ပိတ်ဆို့မှုတွေ ထားရှိဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။**

**ဒါပေမဲ့ သဘာဝ သယံဇာတ ကြွယ်ဝတဲ့ မြန်မာနိုင်ငံက အရင်းအ မြစ်တွေကို မျက်စိကျနေတဲ့ အနောက်နိုင်ငံက စီးပွားရေးသမားများ အာဆီယံကုမ္ပဏီများ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်းနဲ့ တောင်ကိုရီးယားက စီးပွားရေးသမားတွေကတော့ ဒီအယူအဆကို လက်ခံချင်ပုံ မရဘူးလို့ AFP သတင်းတရပ်မှာ ဖော်ပြထားပါတယ်။**

**ဒေါ်အောင်ဆန်းစုကြည်က ဂျာမန်သတင်းစာနဲ့ မေးမြန်းခန်း မှာရွေးကောက်ပွဲ ပြီးကတည်းက မြန်မာနိုင်ငံမှာ ဘာတွေ ပြောင်းလဲ လာတာ မြင်ရသလဲလို့ မေးခွန်းပြန်ထုတ်ထားပါတယ်။ ကျွန်မ အရင် ပြောခဲ့ဖူးသလိုပါပဲ၊ ဘာမှရှင်းရှင်းလင်းလင်း မမြင်ရသေးပါဘူးလို့ ပြော ဆိုသွားပါတယ်။**

---

# ဒန်ကလေ အာမခံထပ်လျှောက်

**DVB । မတ်လ ၂၃ ။** ။ မြန်မာတိုင်းမ်ဂျာနယ်တည်ထောင်သူ အမှု ဆောင်အရာရှိချုပ် CEO ဟောင်း၊ မြန်မာတိုင်းမ်ဂျာနယ် အင်္ဂလိပ်ပိုင်းရဲ့အယ်ဒီ တာချုပ် မစ္စတာရော့စ်ဒန်ကလေကို ဒီကနေ့ ၅ ကြိမ်မြောက်အဖြစ်ရုံးထုတ် စစ် ဆေးခဲ့ပါတယ်။

ကမာရွတ်မြို့နယ်တရားရုံးမှာ ကြားနာစစ်ဆေးခဲ့တာဖြစ်ပြီး တရားခံ အဖြစ် စွပ်စွဲခံထားရသူ မစ္စတာရော့စ်ဒန်ကလေဘက်က အာမခံရဖို့ ထပ်မံ လျှောက်ထား ခဲ့တယ်လို့လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အမှုဆောင်အရာရှိချုပ်CEO အသစ် ဒေါက်တာ တင်ထွန်းဦးက ပြောပါတယ်။

"ကျနော်တို့ အာမခံနောက်တကြိမ် ပြန်ကြိုးစားတယ်။ ကျနော်နဲ့ ကျနော် တို့ဆီက ဦးဝေလင်းဆိုတဲ့အရာရှိနဲ့၊ အာမခံတင်လိုက်တယ်။ တင်လိုက် တော့ နောက်ဆုံး အဖြေကတော့ ဒီလ ၂၉ ရက်နေ့ ရုံးချိန်းပေ့ါ၊ အာမခံ ပေးမပေး ပြန်စဉ်းစားပေးမယ်။ အာမခံပေးမပေး အဲနေ့မှာ ပြန်စဉ်းစားပေးမယ်။"

ဒီကနေ့ တရားရုံးမှာတော့ မှုခင်းဆရာဝန်ကြီးနဲ့ အမှုစစ်ရဲအရာရှိတွေ စစ်ဆေးထွက်ဆိုခဲ့ကြတယ်လို့လည်း ဒေါက်တာတင်ထွန်းဦးက ပြောပါတယ်။ ဒ့ါအပြင် မစ္စတာဒန်ကလေရင်ဆိုင်နေရတဲ့ အမှုသွားအမှုလာအခြေအနေကို လည်း ဒေါက်တာ တင်ထွန်းဦးက အခုလို ဆက်ပြောပါတယ်။

"အမှုသွားအမှုလာတော့ နည်းနည်းတိုးတက်လာတယ်လို့ ယူဆရ တယ်ပေ့ါ။ အာမခံပေးချင်ပေးနိုင်တာပေ့ါ။ နောက်တကြိမ် ပြန်စဉ်းစား တယ်ဆို တော့ မဆိုးဘူး။ အရင်တပတ်တုန်းက အာမခံတင်ထားပြီး ဒီနေပြန်တင်တယ်၊ ပြန်လက်ခံပါတယ်။ လက်ခံပြီးတော့ ၂၉ ရက်နေ့မှာ အာမခံပေးမပေးပြန်ဆုံး ဖြတ်ပေးမယ်တဲ့။ စွဲချက်တင်သင့် မတင်သင့်အတွက် ဒီဘက်ကနေပြီးမှ စွဲချက် တင်ရမှာပေ့ါ။ တင်ပြီးတော့ အဲဒီနေ့မှာပဲ စွဲချက်တင်သင့် မတင်သင့် ဆုံးဖြတ် မလား၊ မဖြတ်မလား၊ အဲဒါ တော့ ပြန်မသိရဘူး။ ဒါပေမယ့် အာမခံပေး မပေး တော့ အဲနေ့မှာဆုံးဖြတ်မယ်။"ဖြစ်ပါတယ်။

# သေနတ်ကို အမိန့်ပေးနိုင်ရင် အစိုးရဖြစ်တဲ့ ခေတ်

ရဲဘော် ဖိုးသံချောင်း

နိုင်ငံတကာပြက္ခဒိန်မှာ နှစ်သစ် တနှစ်ကူးတယ်ဆိုတာနဲ့ ဗမာပြည်မှာ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ ဖက်ဆစ်တော်လှန်ရေးနေ့၊ အနီးခေတ် ဗမာ့သမိုင်းမှာ ဂုဏ်ယူစရာအကောင်းဆုံး အထိမ်းအမှတ်နေ့တွေ တခုပြီးတခု ဆက်နေခဲ့ပြီး အဲဒီနောက်မှာမြန်မာနှစ်သစ်ကူး အတာသဘင်ပွဲတော်ကိုရောက်လာခဲ့ပါတယ်။ နှစ်သစ်တနှစ်ကို အင်မတန်ကြက်သရေရှိစွာဖြတ်သန်းရတာပါ။ ဒါပေမဲ့ အခုတော့ မတ်လ ၂ ရက်နေ့ရောက်တယ်ဆိုတာနဲ့ ၁၉၆၂ ခုနှစ် အာဏာသိမ်းတာကို ဂုဏ်ပြုထားတဲ့"လယ်သမားနေ့"၊ မတ်လ ၂၇ ရက်နေ့ရောက်တော့ပြည်သူလူထုကိုသတ်ဖြတ်နေတဲ့ ကြေးစားတပ်ကို ဂုဏ်ပြုထားတဲ့ကြေးစားတပ်နေ့တို့ကိုဖြတ်သန်းရပါတယ်။ အင်မတန်မှ ကြက်သရေယုတ်ပါတယ်။ သံဃာတွေကို သတ်တဲ့၊ အမျိုးသမီးတွေကို မုဒိန်းကျင့်တဲ့တပ်တွေကို သပြေပန်းကမ်း၊ နံ့သာဖျန်းခိုင်းနေတာဟာ မြင်ရသူ တိုင်းကို စော်ကားနေသလိုပါပဲ။

တကယ်ကျတော့နအဖစစ်ဗိုလ်တွေဟာဒီတပ်မတော်ရဲ့"ပြဟ္မာကြီးလေးဦး" လို့ဆိုရမယ့် ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေစတာတွေကို မေ့ပစ်၊ ချောင်ထိုးလိုက်ကြပါပြီ။ သူတို့ရဲ့ သမိုင်းစာအုပ်ထဲမှာ ဗိုလ်သန်းရွှေတို့တတွေဟာဗိုလ်ချုပ်အောင်ဆန်းတို့ထက် မြင့်မြတ်၊ သူတို့ချုပ်ကိုင်ထားတဲ့ စားပြတပ်၊ မုဒိန်းတပ်ကြီးဟာ ပြည်သူ လူထုရဲ့အမိအဖတောင်ဖြစ်နေပါတယ်။ အခုကိုပဲ လွှတ်တော်နဲ့ သမတရဲ့ အထက်က ကာကွယ်ရေးဦးစီးချုပ်လို့ တွေ့နေရပါပြီ။

သမိုင်းကို ပြန်ကြည့်လိုက်ရင် တပ်မတော်ဟာလွတ်လပ်ရေးရကာစတုန်းက ဖဆပလအစိုးရရဲ့ချုပ်ကိုင်မှုကို လက်ခံခဲ့ပါသေးတယ်။ ပြည်တွင်းစစ်တိုက်နေရလို့ရန်ကုန်အစိုးရသာသာကျန်တော့တဲ့အခါမှာ ဦးနုက အိန္ဒိယကနေ လက်နက်ခဲယမ်း တောင်းပေးတာ ဘာညာတွေ လုပ်ပေးနေတော့ စစ်တပ်ဟာ တည်ရှိနေတဲ့အစိုးရရဲ့ အမိန့်ကိုနာခံပါတယ်။ အဲဒီနောက် ကူမင်တန်တရုတ်ဖြူ ကျူးကျော်မှု ဖြစ်ပွားလာတော့လည်း တည်ရှိနေတဲ့အစိုးရက ကုလသမဂ္ဂမှာ ဒီကိစ္စကိုပြောနေဆိုနေတာတွေလုပ်နေတာဖြစ်တော့ စစ်တပ်ဟာ အစိုးရရဲ့စကားကိုနားထောင်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဖဆပလအတွင်းဂိုဏ်းတိုက်ပွဲတွေ စတင်ပေါ်ပေါက်လာတာနဲ့ အမျှ ဆိုရှယ်လစ် အုပ်စုဟာ သူတို့ရဲ့ဆိုရှယ်လစ်ပါတီဝင်တွေဖြစ်တဲ့ဗိုလ်နေဝင်းကအစ စစ်တပ်ထိပ်သီးပိုင်းက လူတွေကို စည်းရုံးတာလုပ်ပါတော့တယ်။ ၁၉၅၆ ခုနှစ်ရွေးကောက်ပွဲမှာ စစ်တပ်က ဖဆပလအဖွဲ့ကိုယ်စား အတိုက်အခံတွေကို သတ်တာ၊ "ဆုံးမတာ"တွေ လုပ်ပေးတာဟာ စစ်တပ်အနေနဲ့နိုင်ငံရေးမှာဘက်လိုက်လာတာကို အထင်အရှားပြလာတာ ဖြစ်ပါတယ်။ တပ်မတော်ဟာ အာဏာရအစိုးရရဲ့စစ်တပ်မဟုတ်တော့ပဲ ဖဆပလရဲ့စစ်တပ် ဖြစ်လာနေတဲ့ လက္ခဏာပါ။

ဒီလိုနဲ့ဖဆပလအတွင်းအက်စပြုလာတော့ဆိုရှယ်လစ်တွေဟာ စစ်တပ်ကို ကိုယ့်လူအဖြစ် အပိုင်တွက်ပါတော့တယ်။ တွက်လည်းတွက်လောက်ပါတယ်။ အဲဒီတုန်းက စစ်တပ်ထိပ်ပိုင်းရဲ့ ရာခိုင်နှုန်း ၈၀ လောက်ဟာ ဆိုရှယ်လစ်ပါတီအဖွဲ့ဝင်တွေ ဖြစ်နေတာပါ။ ဦးဗဆွေ - ဦးကျော်ငြိမ်းတို့က ဒီလိုသိမ်းသွင်းတာကိုဗိုလ်နေဝင်းလိုရှစ်စပ်ကလည်တဲ့လူက မသိပဲနေပါ့မလား။ ဖဆပလထိပ်ပိုင်းမှာ ကွဲပြီး ယိုင်နေတာ၊ ပြည်သူလူထုက ဖဆပလအစိုးရကို အယုံအကြည် လျော့နည်းလာတာ စတာတွေကို ရှစ်စပ်ကလည်တဲ့ ဗိုလ်နေဝင်းက ကောင်းကောင်းသတိထားမိပါတယ်။ အဲဒီလို ဖရိုဖရဲ အားနည်းနေတဲ့အုပ်စိုးသူကို သေနတ်နဲ့အမိန့်ပေးရင်ရတယ်လို့ ဗိုလ်နေဝင်းက အခြေအနေမှန် တွက်လိုက်မိပါတယ်။ ဒါကြောင့် ၁၉၅၈ ခုနှစ် အာဏာသိမ်းပွဲကို ဖော်ထုတ်လိုက်တာပါပဲ။ဗိုလ်နေဝင်းတွက်တာ မှန်ပါတယ်။ ဦးနုကလည်း အာဏာကို အသာတကြည်ထိုးပေးတာပါပဲ။ ဆွေငြိမ်း အုပ်စုကတော့အာဏာသိမ်းတာကိုတောင် ထောက်ခံလိုက်ပါသေးတယ်။ ဒီနောက်မှာတော့ ဗိုလ်နေဝင်းဟာ အာဏာသိမ်းရတာ အင်မတန်လွယ်ကူတယ်လို့ဆုံးဖြတ်ချက်ချလိုက်ပြီးအိမ်စောင့်အစိုးရလို့ကြေညာထားမိတဲ့အလျောက် ၁၉၆၀ ရွေးကောက်ပွဲမှာအနိုင်ရတဲ့ပထစကို အာဏာလွှဲပေးလိုက်ပါတယ်။ တချိန်ထဲမှာပဲသူ့အုပ်စုတခုကို အသေအချာ ပြင်ဆင်တည်ဆောက်ပါတော့တယ်။ ဗိုလ်ချုပ်မောင်မောင်အပါ သူ့ကိုပုခုံးချင်းယှဉ်နိုင်မယ်ထင်ရတဲ့၊ နိုင်ငံရေးဝက်ဘာရဲ့အကွေ့အချိုးတွေမှာ သူ့ကို အာခံမယ်လိုထင်ရတဲ့ ဆိုရှယ်လစ်စစ်ဗိုလ်အတော်များများကို တပ်ထဲက ပ'ထုတ်ခဲ့ပါတယ်။ ဒါဟာလည်း သေနတ်နဲ့လုပ်တဲ့ အစီအစဉ်မို့ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူပဲ ပြီးမြောက် သွားပါတယ်။

၁၉၆၂ ခုနှစ် အာဏာသိမ်းတာ ဟာရာသက်ပန် အစိုးရတရပ်ထူထောင်တာပါပဲ။ ၅၈ ခုနှစ်အာဏာသိမ်းမှုဟာ အစမ်းအာဏာသိမ်းတာ၊ ၆၂ ခုနှစ် အာဏာသိမ်းမှုဟာ တကယ်တမ်း အာဏာသိမ်းတာလို့ဆိုရမှာပါ။ ဒီအချိန်ကစပြီး ဗမာနိုင်ငံမှာ သေနတ်ကို အမိန့်ပေးနိုင်သူဟာ အစိုးရကို အမိန့်ပေးနိုင်တဲ့အဆင့်ကနေ သေနတ်ကို အမိန့်ပေးနိုင်သူဟာ အစိုးရလုပ်တယ်ဆိုတဲ့အဆင့်ကို ရောက်သွားပါပြီ။ ဒါကို ပြောင်းပြန်ပြောရရင် သေနတ်ကို အမိန့်မပေးနိုင်ရင် အစိုးရမလုပ်ချင်နဲ့ လို့လောဂျစ် ဆွဲယူလို့ရပါတယ်။

ဒီလိုနဲ့ စစ်အာဏာရှင်စနစ် သက်တမ်းရှည်လာတော့ ဗမာပြည် စစ်အာဏာရှင်စနစ်ကို အုတ်မြစ်ချအသက်သွင်းခဲ့တဲ့ ဗိုလ်ချုပ်နေဝင်းအပါ ထိပ်သီးအမြောက်အမြားဟာ သေနတ်ကိုအမိန့်ပေးနိုင်တဲ့ နေရာကနေ စွန့်ခွာတယ်ဆိုတာနဲ့ သေနတ်ကို အမိန့်ပေးတဲ့ တခြားတယောက်က သူတို့ကို ပြန်အမိန့်ပေးတာတွေ ခံကြရပါတော့တယ်။

ဗိုလ်ချုပ်နေဝင်းအဖြစ်ကနေ သင်ခန်းစာယူထားတဲ့ ဗိုလ်သန်းရွှေတို့ ရေးဆွဲလိုက်တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသူတရဲ့ရွေးကောက်ပွဲတွေက တင်လာမယ့် လွှတ်တော်တွေကနေ သေနတ်ကို(တပ်ကို)အမိန့်မပေးနိုင်အောင် ကြိုးစားပမ်းစားရေးဆွဲထားတယ်

စာမျက်နှာ ၁၃ သို့




**မတ် ၂၀ ၊** RGN ။ ။ ဂျပန်နျူကလီယားပေါင်းဖိုလ်ပေါက်ကွဲမှုကွင်းစက်အဖြစ် တရုတ်သည် ဆားများစွာဝယ်လှောင်နေ၍ မြန်မာတွင်လည်း ဆားဈေးတက်နေ၏။

**မတ် ၂၁ ၊** Radio Australia ။ ။ ရန်ကုန်လေဆိပ်သည် ဂျပန်မှလာသော မြန်မာခရီးသည်များအား နျူးကလီယာဓာတ်အားပေးစက်ပေါက်ကွဲမှုမှ ရေဒီယိုပြန့်လွင့် ကူးစက်မှု ရှိမရှိ စစ်ဆေးမှုပြုနေကြောင်း၊ မိုးရေများသန့်စင်မှုကိုလည်း စစ်ဆေးနေကြောင်း။

**မတ် ၂၁ ၊** Irrawaddy ။ ။ NDF မှ ဒေါက်တာသန်းငြိမ်း၊ ဦးခင်မောင်ဆွေနှင့်ဒေါက်တာဝင်းနိုင်တို့အားအရေးယူရန် ကော်မရှင်မှခြေလှမ်းပြင်နေ၏။

**မတ် ၂၁ ၊** Mizzima ။ ။ ရောတီတိုင်းတွင် တရွာလျှင် အသက် ၂၀ မှ ၃၀ နှစ် လူငယ် ၃ ဦးစီ အခြေခံစစ်သင်တန်းပါသည့် တလကြာ မီးသတ်သင်တန်းတက်ရန် အာဏာပိုင်များမှ ညွှန်ကြားချက်ထုတ်ထားကြောင်း။

**မတ် ၂၁ ၊** Mizzima ။ ။ မြန်မာအပေါ် ပိတ်ဆို့မှုများသည် ဆက်လက်ရှိသင့်ကြောင်း မြန်မာအဖွဲ့ ၁၀ ဖွဲ့ မှ လက်မှတ်ရေးထိုး၍ ဥရောပသမဂ္ဂသို့တင်၏။

**မတ် ၂၁ ၊** DVB ။ ။ ထိုင်းတွင်ခိုလှုံနေသောမြန်မာမှ နိုင်ငံရေးခိုလှုံသူများသည် ယုံကြည်ထိုက်သောအထောက်အထားများရှိသော်လည်း မြန်မာသို့အဓမ္မပြန်ပို့ခံရမှု ခံရနိုင်သဖြင့် ကုလနှင့်အခြားကူညီအဖွဲ့နိုင်ငံများမှ စိတ်ချရသောစောင့်မမှုများပြုရန် ဥရောပကောင်စီသို့ မြန်မာအဖွဲ့ EX-PPACT မှစာပို့၏။

**မတ် ၂၁ ၊** DVB ။ ။ ဂျာမဏီသည် မြန်မာအပေါ် ပိတ်ပင်မှုအချို့ကို ပြန်လည်ရုတ်သိမ်းရန်ကြိုးပမ်းနေမှုကိုရပ်တန့်ရန် အရှင်သောပိကနှင့်ရှင်ကောဝိန္ဒတို့မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာလင်သံဃာအစည်းအရုံး ရုံးရှေ့တွင်ဆန္ဒပြ၍ ဂျာမန်ပြည်သူများသို့ ရှင်းပြတိုက်တွန်းမည်။

**မတ် ၂၂ ၊** Asian Correspondent ။ ။ ကချင်လွတ်မြောက်ရေးတပ်မတော် ကေအိုင်အေ အုပ်ထိန်းဒေသများတွင် လုပ်ရှားမှုအားလုံးရပ်ရန် ကေအိုင်အေမှ နအဖသို့သတိပေး၏။

**မတ် ၂၂ ၊** Asian Correspondent ။ ။ နအဖ သည် UWSA ဝ တပ်များကိုလည်း ဦးတည်တိုက်ခိုက်မည်လောဟု ဇင်လင်းမှသတင်းဝေဖန်၏။

**မတ် ၂၂ ၊** Straits Times ။ ။ မြန်မာတွင် ကရင်သူပုန်ထခြင်းကို လျှော့ကျစေရန် ကရင်ပြည်နယ်နှင့်ဆက်စပ်လျှက်ရှိသော အိမ်နီးချင်းနှင့်အချို့နိုင်ငံများသည် ၎င်းအင်ဂျီအိုများသည် ၎င်းစွမ်းဆောင်ကူညီနိုင်ကြောင်း နအဖ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းမှဆိုကြောင်း မြန်မာ့အလင်းမှဆို၏။

**မတ် ၂၂ ၊** Irrawaddy ။ ။ ဝ ပြည်နယ်ညီညွတ်ရေးတပ်မတော် UWSA သည် မိမိတို့နယ်မြေမှ တလက်မမှနောက်မဆုတ်ဟု နအဖ တပ်၏ တိုက်စစ်ပြင်နေချိန်တွင်ဆို၏။

**မတ် ၂၂ ၊** Irrawaddy ။ ။ အိမ်နီးချင်းနိုင်ငံသာ မိတ်ဆွေကောင်းပိသလျှင် ကရင်ပြည်နယ်ပြဿနာများ ဖြေရှင်းရလွယ်မည်ဟု ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းမှ ပါလီမန်တွင်ဆိုကြောင်း။

**မတ် ၂၂ ၊** Irrawaddy ။ ။ နာဂစ်မုန်တိုင်းအပြီး နောက်ဆုံးမုန်တိုင်းကြောင့် လှေများ ပင်လယ်သို့မျောသွားဆုံးရှုံးခဲ့သော တံငါထောင်ကျော်သည် အကူအညီလိုနေသေးကြောင်း မြန်မာမိုးလေဝသမှဆို၏။

**မတ် ၂၂ ၊** Mizzima ။ ။ နအဖ သည် အစိုးရသစ်ကိုစတင်မည့်နေ့သည် ဧပြီတွင်ဖြစ်ပြီး ဧပြီ ၁ ရက်ဖြစ်နိုင်ကြောင်း။

**မတ် ၂၂ ၊** DVB ။ ။ အကယ်ဒမီဦးကျော်သူစတင်ခဲ့သည့် စေတနာအသုဘကုသိုလ်အဖွဲ့သည် အကြိမ်တသိန်းမြောက်ခဲ့၏။

**မတ် ၂၂ ၊** DVB ။ ။ ယခင်အပတ်မုန်တိုင်းကြောင့် ပင်လယ်ပြင်တွင်မျောနေသူ တံငါ ၈၀၀ ခန့်အား ကယ်ဆယ်နိုင်ခဲ့ကြောင်း မြန်မာအာဏာပိုင်များမှဆို၏။

**မတ် ၂၂ ၊** MorungExpress ။ ။ ကမ္ဘာတလွှား အာဏာရှင်စနစ်တော်လှန်ရေးများဖြစ်နေရာ အောင်မြင်မည်လောဟု ဆန္ဒပြသူများစဉ်းစားနေစဉ် မြန်မာသည် အကြောင်းမလှ တော်လှန်ရေးလမ်းမဖြောင့်၍ အကြိမ်ကြိမ်ခံခဲ့ရသည့်အကြောင်း Stanley Weiss မှ သတင်းဝေဖန်၏။

**မတ် ၂၃ ၊** DVB ။ ။ နော်ဝေမှ မြန်မာကမ်းလွန်ပင်လယ်တွင် ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၅ ဘီလီယံကျော်ကြောင်း။

**မတ် ၂၃ ၊** Straits Times ။ ။ မြန်မာအပေါ် ဆိုင့်ရှင်များအား ဆက်လက်ထားရှိသင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဂျာမန်သတင်းစာ Frankfurter Rundschau နှင့်မေးမြန်းခန်းတွင်ဆိုကြောင်း။

**မတ် ၂၃ ၊** Irrawaddy ။ ။ နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန် လွှတ်တော်တွင်တင်ပြချက်များကို မစဉ်စားသေးကြောင်း နအဖ မှ အရိပ်အရောင်ပြ၏။

**မတ် ၂၃ ၊** Irrawaddy ။ ။ ပြည်သူပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့လေလံတင်ရောင်းနေရာ ငွေမဲမှငွေဖြူလုပ်ချင်သူများ အကွက်တွေ့နေကြောင်း။

**မတ် ၂၃ ၊** Mizzima ။ ။ ယခုတပတ်လုံး မြန်မာပင်လယ်ပြင်တွင် တနာရီမိုင် ၇၀ ထိ မုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း။

**မတ် ၂၃ ၊** DVB ။ ။ နအဖ ဝန်ကြီးဦးကျော်ဆန်းပြောသလို မိမိတို့သည် သူပုန်များလည်းမဟုတ်၊ အဖျက်သမားများလည်းမဟုတ်ကြောင်းဖြင့် ထိုင်းရှိ ကရင်ဒုက္ခသည်များမှဆို၏။

**မတ် ၂၄ ၊** News Wires ။ ။ မတ်၂၄ တွင် ရှမ်းပြည်၌ ရိုက်တာစနစ်အရ ဖ ဒသမ ၈ ရှိ မြေငလျင်လှုပ်ခဲ့၏။

**မတ် ၂၄ ၊** DVB ။ ။ ကချင်ပြည်နယ်တွင် မြေအသိမ်းခံရသူတောင်သူများအတွက် တရားစွဲပေးနေသဖြင့် မိမိအား အာဏာပိုင်များမှ နှောက်ယှက်နေကြောင်း ဒေါ်ဘောက်ဂျာမှ ဂျနီဗါရှိ ကုလသမဂ္ဂရုံးခွဲသို့ စာပို့တိုင်ကြား၏။

**မတ် ၂၄ ၊** BP ။ ။ ဇင်းမယ်မှ ၅၆ မိုင်ခန့်နေရာကိုဗဟိုပြု၍ မြန်မာတွင် ရစ်ချ်တာဇယား ဖ ဒသမ ၇ ရှိ လျှင်လှုပ်ခဲ့၏။

**မတ် ၂၄ ၊** PTI ။ ။ အိန္ဒိယ ကမ်းစပ်စောင့်ကင်းများသည် ဖောင်များဖြင့်မျောနေသော မြန်မာဒုက္ခသည် တံငါ ၅၅ ဦးကို လက်ရှိကယ်ဆယ်နိုင်ခဲ့ကြောင်း။

**မတ် ၂၄ ၊** People's Daily ။ ။ မြန်မာ အထက်နှင့်အောက် ပါလီမန်နှစ်ရပ်စလုံးသည် စီစစ်ရေးကော်မတီများဖွဲ့ခဲ့ကြောင်း၊ ဒေသနှင့်တိုင်းမှ ကိုယ်စားလှယ် ၁၉ ဦးအား အပြစ်တွေ့ရှိ၍ ဖြုတ်ခဲ့ကြောင်း။

**စာမျက်နှာ ၁၄ သို့**

# လေပြင်းဒဏ်ကြောင့် မြန်မာရေလုပ်သား အနည်းဆုံး ၁၀၀၀ ပျောက်ဆုံးနေဆဲ

**VOA ၊ မတ်လ ၂၃ ။** ။ မတ်လ ၁၄ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ဖျာပုံမြစ်ဝနဲ့ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းမှာတိုက်ခတ်ခဲ့တဲ့ လေပြင်းကြောင့် ပင်လယ်ထဲ မျောပါသွားတဲ့ ရေလုပ်သား ၁၀,၀၀၀ ကျော်ထဲက ၁,၀၀၀ ကျော် ပျောက်ဆုံးနေဆဲလို့ မြန်မာနိုင်ငံ ငါးလုပ်သားအဖွဲ့ချုပ်က ပြောဆိုလိုက်ပါတယ်။ ကျန်နေသေးတဲ့ ရေလုပ်သားတွေရဲ့ အခြေအနေနဲ့ ဒီ ရေလုပ်သားတွေ ပင်လယ်ထဲ ဘယ်လို မျောပါသွားလဲဆိုတာ မသင်းသီရိက တင်ပြပေးထားပါတယ်။

ဖျာပုံမြစ်ဝမှာ အခြေချပြီး ငါး၊ ပုစွန်ဖမ်းတဲ့ ရေလုပ်သားတွေဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်ထဲ ဖျာပုံမြစ်ဝနဲ့ ကပ္ပလီပင်လယ် မြောက်ပိုင်းမှာ တနာရီ မိုင် ၇၀ နီးပါးရှိတဲ့ လေပြင်းကြောင့် ပင်လယ်ပြင်ထဲကို မျောပါသွားခဲ့ကြတာ ဖြစ်ပါတယ်။ အများစုက ကျားပေါက်လို့ခေါ်တဲ့ရေထဲမှာ ဝါးဖောင်ဖွဲ့ နေကြသူတွေဖြစ်ပြီး သူတို့ဟာ လေပြင်းကြောင့် ချည်ထားတဲ့ကြိုးတွေ ပြုတ်ပြီး ပင်လယ်ထဲ မျောသွားကြတာဖြစ်ပါတယ်။

လေပြင်းစတိုက်ခဲ့တဲ့ မတ်လ ၁၄ ရက်နေ့နဲ့ဆိုရင် အခုထက်ထိ ပြန်မတွေ့သေးတဲ့ ရေလုပ်သားတွေဟာ ပင်လယ်ထဲမှာ မျောနေတာ တပတ်ကျော်ကြာပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့သူတွေ အသက်ရှင်လျက်ရှိမရှိဆိုတာကိုတော့ ခန့်မှန်းရ ခက်တယ်လို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောပါတယ်။

"အသက်သေပြီး တွေ့တာတော့ မရှိသေးဘူးခင်ဗျ။ အခုချိန်ထိ စာရင်းကောက်လို့ မရသေးဘူး၊ စာရင်းလာမပို့သေးဘူး ဆိုတဲ့ဟာမျိုးပဲရှိတယ်။ အခုဖြစ်တဲ့ ဖြစ်စဉ်ကတော့ ကျနော်တို့က မလာတော့လို့ သတင်းပို့ရင် တခြားနိုင်ငံဘက်တွေကို မျောသွားနိုင်လား၊ ဒါမှမဟုတ် ပင်လယ်ထဲမှာပဲ ပျောက်ဆုံးပြီးတော့ ပြန်မလာတော့ဘူးလားဆိုတာ အဲဒီလိုပဲ စာရင်းချရတော့မယ်။ သူတို့ကို body တွေအနေနဲ့တွေ့ဖို့ကတော့ တော်တော်ခက်သွားပြီ။ ဒီလူတွေဟာ အဝေးတနေရာကို ရောက်သွားသလား၊ ဒါမှမဟုတ် ပင်လယ်ထဲမှာပဲ အသက်ဆုံးရှုံးပြီလား၊ ဒီလိုယူဆရမယ့်သဘော။"

သူတို့ရဲ့ ခန့်မှန်းချက်အရ စက်လှေနဲ့ ရေလုပ်ငန်းလုပ်ကြသူတွေ၊ ကျားပေါက်လို့ခေါ်တဲ့ ဝါးဖောင်ဖွဲ့ပြီး ငါး၊ ပုစွန်ဖမ်းတဲ့ ရေလုပ်သားတွေနဲ့ဆိုရင် အားလုံး ၁၀,၀၀၀ ကျော်လောက် ပင်လယ်ထဲ မျောသွားတာဖြစ်ပြီးတော့ မတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ အထိတော့ ရေလုပ်သား ၉,၀၀၀ ကျော်ကို ပင်လယ်ပြင်ထဲက ရှာဖွေ ကယ်ဆယ်နိုင်ထားတယ်လို့လည်း ပြောပါတယ်။

"စက်ပါတဲ့ လှေပေါ်မှာ ပါတဲ့လူက ၃,၀၀၀ ကျော်တယ်။ ဖောင်ပေါ်မှာ ပါတဲ့လူက ၇,၀၀၀ ဆိုတော့ စုစုပေါင်း ၁၀,၀၀၀ လောက်ရှိတယ်။ အဲဒီ ၁၀၀၀၀ လောက်မှာ ကျနော်တို့က ၉,၀၀၀ကျော်လောက်တော့ ပြန်ပြီး ကယ်ပြီးသွားပြီ။ ၉,၂၀၀ ကျော် ၉,၃၀၀ လောက်ပေါ့။ အဲဒီလောက်တော့ ကယ်ပြီးသွားပြီ။ ပင်လယ်ပြင်ထဲမှာ အဲဒီနေ့က အလုပ်လုပ်နေတယ်လို့ ကျနော်တို့ ပြုစုတဲ့ စာရင်းတွေအရ ရထားတယ်။ အများစုကတော့ ဖျာပုံခရိုင်ထဲမှာပေါ့၊ စခန်းဖွင့်ပြီး လက်ခံတဲ့နေရာကို အများစု ရောက်လာတာပေါ့။"

အခုအချိန်မြန်မာနိုင်ငံမှာနွေရာသီဖြစ်ပြီးရာသီဥတုကောင်းတာကြောင့် ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်း လုပ်ကြသူတွေဟာ ပင်လယ်ပြင်ထဲမှာ အားလုံးရှိနေတဲ့ အချိန်လည်းဖြစ်ပါတယ်။ မိုးလေဝသဌာနက တနာရီကို ၃၅ မိုင်နှုန်းနဲ့ လေပြင်းတိုက်မယ်လို့ သတိပေးချက်ထုတ်ပြန်ခဲ့ပေမဲ့ တနာရီကို မိုင် ၆၀ ကနေ ၇၀ ကြားလောက်အထိ လေပြင်းတွေ ကျခဲ့တာလည်း ဖြစ်ပါတယ်။

"သူတို့ဆီမှာရေဒီယိုတွေပါတယ်ပြောတယ်။ မြန်မာနိုင်ငံကလွှင့်တဲ့ FM လိုင်းနဲ့ မိုးလေဝသသတင်းကိုတော့ သူတို့နားထောင်ပါတယ်။ မိုးလေဝသဌာနရဲ့ ခန့်မှန်းချက်ကလည်း လေပြင်းတိုက်မယ်လို့ ကြေညာတဲ့ဟာကလည်း ၃၅ မိုင်လောက်ပဲ ကြေညာတယ်လို့ သိရပြီးတော့ တကယ့်တကယ် တိုက်တာတော့ အဲဒီထက် ပိုသွားပုံရတယ်။

"လေဝင်လာတဲ့ဟာကလည်း သူတို့က အရှေ့ဘက်က လာမယ်လို့ကြေညာချက်ကို မှန်းပြီးတော့ ထင်တဲ့ဟာ တကယ့်တကယ်တိုက်တဲ့ အခါကြတော့ မြောက်တို့၊ အရှေ့မြောက်တို့က တိုက်လာတာဖြစ်တော့ ဝင်လာတဲ့အချိန်ကလည်း ကြေညာချက်ကို စောပြီးတော့ ပို့လိုက်သလိုလည်းဖြစ်သွားတယ်။ နောက် လေကလည်း ကြေညာတဲ့ဟာနဲ့ မိုင်ကလည်း ပိုနေတဲ့သဘော ရှိတာပေါ့။"

လေပြင်းကြောင့် ပင်လယ်ထဲမျောသွားတဲ့ ရေလုပ်သားတွေအကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူးဦးဝင်းကြိုင် ပြောပြခဲ့တာဖြစ်ပါတယ်။

မတ်လ ၁၄ ရက်၊ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ တိုက်ခဲ့တဲ့ လေပြင်းကြောင့် ရေလုပ်သားတွေဟာ ကမ်းလွန် ရေနံတွင်းတူးစင်တွေ၊ ကိုကိုးကျွန်းဘက်တွေလို အပြင် ကော့သောင်း၊ ကျိုက်ခမီလို နေရာတွေအထိ ရောက်သွားကြတာရှိသလို ဟိုင်းကြီးကျွန်းဘက်အထိလည်း မျောပါသွားတဲ့သူတွေ ရှိပါတယ်။

တခါ ပင်လယ်ထဲမှာ ဝါးဖောင်တွေနဲ့ မျောနေတဲ့သူတွေကို ငါးဖမ်းစက်လှေအကြီးကြီးတွေက ကယ်ဆယ်နိုင်တာမျိုးလည်းရှိခဲ့သလို အခု ကယ်တင်ထားနိုင်ခဲ့တဲ့ ရေလုပ်သားတွေကိုတော့ သူတို့ရဲ့ နေရပ်ဖြစ်တဲ့ ဖျာပုံမြို့ကို ပြန်ပို့နေပြီလို့လည်း ငါးလုပ်ငန်း အဖွဲ့ချုပ်က ပြောပါတယ်။

---

## ဂြိုလ်တုစလောင်း ရောင်းကောင်း

ကုလသမဂ္ဂရဲ့သဘောတူညီချက်နဲ့ ညွန့်ပေါင်းတပ်ဖွဲ့တွေက လစ်ဗျားခေါင်းဆောင် ကဒါဖီရဲ့တပ်တွေကို တိုက်ခိုက်မှုတွေလုပ်နေတာကြောင့် အဲဒီအဖြစ်အပျက်ကို နိုင်ငံခြားရုပ်မြင်သံကြားသတင်းတွေကြည့်နိုင်ဖို့ ဂြိုဟ်တုကတဆင့်ထုတ်လွှင့်မှုတွေကို ဖမ်းယူနိုင်တဲ့ စလောင်းတွေ ရောင်းကောင်းနေတယ်လို့သိရပါတယ်။ ပြည်တွင်းသတင်းတွေမှာ အာဖရိကမြောက်ပိုင်းနဲ့ အရှေ့အလယ်ပိုင်းသတင်းတွေကို ရေးသားဖော်ပြထုတ်လွှင့်တာတွေကို ကန့်သတ်ချုပ်ချယ်နေတာကြောင့် ပြည်သူတွေဟာ နိုင်ငံခြားရုပ်မြင်သံကြားအစီအစဉ်တွေကို အားထားနေရပါတယ်။ (IRRAWADDY, 24.3.2011)





# သတင်းတိုထွာဖတ်စရာ

## တာချီလိတ် ငလျင်

မတ်လ ၂၄ ရက်နေ့က ရွှေတြိဂံနယ်မြေမှာ အင်အားပြင်းငလျင် လှုပ်ခဲ့တဲ့အတွက် တာချီလိတ်မှာ အပျက်အစီးအများအပြား ရှိခဲ့ပါတယ်။ လူ ၇၄ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရခဲ့တယ်လို့သိရပါတယ်။ နအဖ ကယ်ဆယ်ရေးတွေလုပ်ကိုင်နေတယ်ဆိုပြီး သတင်းစာမှာကြေညာပါတယ်။ တရုတ်နိုင်ငံကနေ ပေါက်တူး ဂေါ်ပြားတွေ ဝယ် တယ်လို့ဆိုပါတယ်။ ထိုင်းနိုင်ငံဘက်ကနေလာတဲ့ ကယ်ဆယ်ရေးအထောက်အပံ့တွေကို မြန်မာနိုင်ငံဘက်သွင်းခွင့်မပြုဘူးလို့လည်း သိရပါတယ်။ (REUTERS, ALJAZEERA, 25.3.2011)

## အစိုးရသစ်

ဧပြီလ ၁ ရက်နေ့ကျရင် ၂၀၁၀ ရွေးကောက်ပွဲကနေအရွေးခံခဲ့ရတဲ့သူတွေနဲ့ အစိုးရသစ်ကိုကြေညာမယ်လို့ သိရပါတယ်။ ဝန်ကြီးအဖွဲ့ဝင် ၂၆ ဦးမှာ ၄ ဦးဟာ အရပ်သားတွေဖြစ်ပြီး ကျန်တဲ့သူတွေဟာ မကြာသေးခင်က စစ်ယူနီဖောင်းချွတ်ခဲ့တဲ့သူတွေဖြစ်ပါတယ်။ (MONSTER & CRITICS, 25.3.2011)

## ထိုင်းနိုင်ငံကြောင့် မတည်ငြိမ်တာပါ

နအဖ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းက ထိုင်းနိုင်ငံတွင်းမှာရှိတဲ့ ဒုက္ခသည်စခန်းတွေဟာ ကရင်လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ခြေကုပ်စခန်းတွေဖြစ်ပြီး ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းကောင်းဖြစ်မယ်ဆိုရင် ကရင်ပြည်နယ်တွင်းမှာ မတည်မငြိမ်မှုတွေဖြစ်မှာမဟုတ်ဘူးလို့ ဆိုလိုက်ပါတယ်။ အဲဒီစခန်းတွေကို အဲန်ဂျီအိုတွေနဲ့ထိုင်းနိုင်ငံရဲ့အထောက်အပံ့တွေနဲ့ထောင်ထားတာလို့ နအဖ ဝန်ကြီးက လွှတ်တော်တွင်းမေးမြန်းမှုတခုမှာ ပြောဆိုလိုက်တာဖြစ်ပါတယ်။ (IRRAWADDY, 22.3.2011)

## နော်ဝေရဲ့ မြန်မာပြည်တွင်း ရင်းနှီးမြှုပ်နှံမှု

နော်ဝေးနိုင်ငံရဲ့ပင်စင်ရံပုံငွေတွေထဲက တချို့တဝက်ကို မြန်မာနိုင်ငံတွင်းက ရေနံနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနေတာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံလောက်ရှိတယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံနေတာတွေကို တဖြည်းဖြည်းတိုးချဲ့နေတာကြောင့် နော်ဝေးမှာရှိတဲ့ လူ့အခွင့်အရေးလှုပ်ရှားတဲ့အဖွဲ့တွေက အကြီးအကျယ်ကန့်ကွက်နေကြပါတယ်။ (DVB, 24.3.2011)

## စကဒ်ဒုံးကျည် မြန်မာပြည်တွင် ထုတ်မည်

နအဖ စစ်တပ်အကြီးအကဲတွေဟာ မြောက်ကိုရီးယားရဲ့အကူအညီနဲ့ တာလတ်ပစ်စကဒ်ဒုံးကျည်တွေကို ထုတ်လုပ်ဖို့စီစဉ်နေတယ်လို့သိရပါတယ်။ မြန်မာနိုင်ငံအကြောင်း စာအုပ်တွေရေးသားနေတဲ့ Bertil Lintner က မင်းလှအနီးမှာရှိတဲ့ စစ်လက်နက်စက်ရုံမှာထုတ်လုပ်ဖို့ရာစီစဉ်ထားတယ်လို့ဆိုပါတယ်။ အဲဒီဒုံးကျည်သာရှိပြီဆိုရင် စစ်အာဏာရှင်တွေဟာ အိမ်နီးချင်းနိုင်ငံတွေကို မထေမဲ့မြင်လုပ်ရပ်တွေကို ပြုကျင့်လာနိုင်ပါတယ်။ (MIZZIMA, 24.3.2011)

## ဖျာပုံရေလုပ်သားများ ကံဆိုး

လွန်ခဲ့တဲ့သီတင်းပတ်တွင်းက ဖျာပုံမြစ်ဝ ပင်လယ်ပြင်အနီးမှာ ငါးဖမ်းနေကြတဲ့ ရေလုပ်သား ၄၀၀၀ ကျော်ဟာ လေပြင်းတိုက်ခတ်မှုတွေကြောင့် ပင်လယ်ထဲမျောပါကာ သေဆုံးပျောက်ဆုံးခဲ့ရတယ်လို့သိရပါတယ်။ မတ်လ ၁၄ ရက်ကနေ ၁၇ ရက်နေ့အကြား တိုက်ခတ်မှုကြောင့် ငါးဖမ်းဖောင်တွေပျက်ခဲ့ရပြီး လူ ၃၆၀၀ ကျော်ကိုကယ်တင်ခဲ့တယ်လို့ နအဖမီဒီယာတွေမှာကြေညာခဲ့ပြီး သေဆုံးသူအရေအတွက်ကိုတော့ မကြေညာပါဘူး။ (MIZZIMA, 24.3.2011)

## ဒဏ်ခတ်ပိတ်ဆို့မှု ဆက်ရှိနေမယ်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာစစ်အစိုးရအပေါ်ချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဆက်လက်ထားရှိသင့်တယ်လို့ ပြောဆိုလိုက်ပါတယ်။ အီးယူက မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရုပ်သိမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်နေတဲ့အချိန်မှာ အခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်က အီးယူသံအမတ်တွေနဲ့ ဒေါ်စုတို့တွေ့ဆုံကာ ဆွေးနွေးခဲ့ကြပါတယ်။ (STRAITS TIMES, 23.3.2011)

## ရှိစ်ဒန်ကလေကို အာမခံပေး

မြန်မာတိုင်းမ်စ်သတင်းစာကို တည်ထောင်ခဲ့တဲ့ ဩစတြေးလျားနိုင်ငံသား ရှိစ်ဒန်ကလေကို စွဲချက်တင်ပြီး တရားရုံးမှာ စစ်ဆေးမှုတွေလုပ်နေစဉ်မှာ အာမခံပေးဖို့ ငြင်းဆန်ခဲ့တယ်လို့သိရပါတယ်။ အ မျိုးသမီးတဦးကို ခြိမ်းခြောက်အနိုင်ကျင့်မှုနဲ့ လုပ်ငန်းများကြီးကြပ်ရေးဆိုင်ရာ ချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ စွဲချက်တွေနဲ့ တရားရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့်နောက်ခံအကြောင်းရင်းဟာ မြန်မာတိုင်းမ်စ်ကို အပိုင်စီးဖို့ဖြစ်တယ်လို့ အများက မှတ်ယူထားကြပါတယ်။ (ABC, VOB, 23.3.2011)

# လွှတ်ငြိမ်းချမ်းသာခွင့် အဆို လွှတ်တော်တင်သွင်းခွင့် ပြုဖွယ်မရှိနိုင်

**VOA ၊ မတ်လ ၂၃ ။** ။ လွှတ်တော်ကိုယ်စားလှယ်တွေက ဆွေးနွေးဖို့ တောင်းခံထားတဲ့ အဆိုတွေထဲက ပြည်ပမီဒီယာတွေမှာ ပေါက်ကြားထားပြီးသားအဆိုတွေကို ဆွေးနွေးခွင့်မပြုတော့ဘဲ ပယ်လိုက်ပြီလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောလိုက်ပါတယ်။ လွှတ်တော် နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမလုပ်ခင် တရက်အလိုမှာပဲ အခုလိုပြောလိုက်တာပါ။ အဲဒါကြောင့် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ အဆိုတရပ်ကို ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းခွင့်ရဖို့ရာ ဖြစ်နိုင်ခြေနည်းသွားပြီဖြစ်ပါတယ်။ အပြည့်အစုံကို ဘန် ကောက်ကနေ စုံစမ်းထားတဲ့ ကိုကျော်ကျော်သိန်းက သတင်းပေးပို့ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေ တင်သွင်းခဲ့တဲ့ အဆိုတွေ၊ မေးခွန်းတွေနဲ့ ပတ်သက်လို့ မတ်လ ၂၃ ရက်နေ့က ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းပြောကြားရင်းနဲ့ ပြည်ပမီဒီယာတွေကို ကြိုပြောထားတယ်ဆိုတဲ့ အဆိုတွေကို ပယ်တဲ့အကြောင်း ပြောခဲ့တာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဘယ်လိုပြောခဲ့တယ် ဆိုတာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တဦးဖြစ်တဲ့ ဦးဖုန်းမြင့်အောင်က ပြန်ပြောပြပါတယ်။

"သူက အဆိုတွေ၊ မေးခွန်းတွေထဲက ဘယ်သူက ဘယ်လောက်မေးတယ်ဆိုတာပြောရင်းနဲ့ ဆက်ပြောတာက အဆိုတွေ၊ မေးခွန်းတွေကို လွှတ်တော်က ပြန်မပြောခင် ပြည်ပမီဒီယာတွေကို ကြိုပြောထားတဲ့ အဆိုတွေ၊ မေးခွန်းတွေကို သူပယ်တဲ့အကြောင်း ပြောပါတယ်။ အဲဒါပဲ ပြောတာပါ။ ကျန်တဲ့ မီဒီယာတွေကို ပြောတဲ့ ဆိုတဲ့ဟာတွေတော့ သူ ဘာမှမပြောပါဘူး။"

ဒါပေမဲ့လည်း ပြည်သူ့လွှတ်တော်မှာတော့ အဲဒီလိုမပြောခဲ့ဘူး လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဖြစ်တဲ့ ဦးသိန်းညွန့်က ပြောပါတယ်။ ဦးသိန်းညွန့်ဟာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပတဲ့အခါကျရင် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်တဲ့အဆိုတရပ်ကို တင်သွင်းဖို့တင်ပြထားတဲ့ အကြောင်းနဲ့ သူ အဲဒီအဆို တင်သွင်းတဲ့အခါ ဘယ်လိုဘယ်ပုံ အခိုင်အမာတင်သွင်းမယ်ဆိုတာတွေကို မတ်လ ၂၂ ရက်၊ အင်္ဂါနေ့တုန်းကပဲ ဗွီအိုအေကို ရှင်းပြခဲ့ပါသေးတယ်။ သူ့အဆို တင်သွင်းခွင့်ရမယ်၊ မရဘူးဆိုတာကို မတ်လ ၂၃ ရက် မနက်ပိုင်းက သွားမေးခဲ့ပေမဲ့ လွှတ်တော်အစည်းအဝေးပြီးမှပဲ သိရတော့မယ်လို့ ဦးသိန်းညွန့်က ပြောပါတယ်။

"ဒီနေ့ အမျိုးသားလွှတ်တော်က ကြားရတဲ့ သတင်းအတိုင်း ဆိုရင်တော့ ကျနော်က ပြည်တွင်း မီဒီယာရော၊ ပြည်ပ မီဒီယာရောကို ရွေးကောက်ပွဲပြီးကတည်းက ပြောခဲ့တာကိုး။ ဒီလွှတ်တော်ကြီး မခေါ်ခင်အထိ ကျနော်ပြောပါတယ်။ လွှတ်တော်ခေါ်တဲ့ အချိန်မှာတော့ ကျနော်မလွှဲမရှောင်သာလို့ ခေါင်းစဉ်ကလွဲရင် ကျန်တာ ကျနော် ဘာမှမပြောပါဘူး။ ဘာပဲဖြစ်ဖြစ် ခေါင်းစဉ်ပြောတာလည်း ပြောတယ်ဆိုတဲ့ အထဲမှာ အကျုံးဝင်တယ် ဆိုရင်တော့ ကျနော်လုပ်စေချင်တဲ့ဟာကို ပုံစံတမျိုးနဲ့တော့ ဖော်ရမှာပေါ့ဗျာ။

"ဒီတခါ ကျနော် ဖော်တဲ့အခါကျရင် ကျနော့်မှာ အရေးအကြီးဆုံး သတိထားရမှာက ပြည်ပ မီဒီယာပဲဖြစ်ဖြစ်၊ ပြည်တွင်း မီဒီယာပဲဖြစ်ဖြစ် ဦးသိန်းညွန့် လွှတ်တော်မှာ ဘာလုပ်မလဲမေးရင် ကျနော်ကတော့ နှုတ်ပိတ်ပြီး နေရမှာပဲ။"

မတ်လ ၂၄ ရက်နေ့မှာ လွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုကျင်းပဖို့ရှိပြီး မေးမြန်းဆွေးနွေးကြမယ့် အထဲမှာ ဒဏ်ခတ်အရေးယူမှုကိစ္စလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများကိုဤလွှတ်တော်ကကန့်ကွက်ကြောင်း အဆိုကိုဟသ်ာတမဲဆန္ဒနယ်ကလွှတ်တော်ကိုယ်စားလှယ်ဦးဌေးဦးက တင်သွင်းမယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြောပါတယ်။ ဦးဌေးဦးဟာ လက်ရှိမှာဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဖြစ်သလို ပြည်ခိုင်ဖြိုးပါတီရဲ့ ထိပ်တန်းခေါင်းဆောင် တဦးလည်းဖြစ်ပါတယ်။

ဒီ စီးပွားရေးဒဏ်ခတ်အရေးယူမှုကိစ္စ လွှတ်တော်မှာ တင်ပြဆွေးနွေးမယ်ဆိုတဲ့အကြောင်းကို တခြား နိုင်ငံရေးပါတီတွေ ဘက်ကနေ လွှတ်တော်အစည်းအဝေးတွေ မတိုင်ခင်ကတည်းက သတင်းမီဒီယာတွေမှာပြောဆိုတာတွေ ရှိထားခဲ့ပါတယ်။

ဒီကနေ့ လွှတ်တော်အစည်းအဝေးတွေအတွင်း နိုင်ငံ ၁၀ နိုင်ငံက လွှတ်တော်တွေနဲ့ တရုတ်ပြည်သူ့လွှတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်တို့က သဝဏ်လွှာတွေကို ပေးပို့တယ်ဆိုတာကိုလွှတ်တော်ဥက္ကဋ္ဌတွေက ကြေညာခဲ့ပါတယ်။ ဒါ့အပြင် တခြားနိုင်ငံလွှတ်တော်တွေက တာဝန်ရှိသူတွေလာရောက်ဖို့ရှိသလို မြန်မာနိုင်ငံလွှတ်တော်တွေ ဘက်ကလည်း ပြည်ပခရီးစဉ်တွေ သွားဖို့ရှိတယ်လို့ ဆိုပါတယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွေကို ဘယ်နစ်ရက်ကျင်းပမယ်၊ သမ္မတ၊ ဒု-သမ္မတ ကျမ်းသစ္စာ ကျိန်ဆိုပွဲတွေ ဘယ်တော့လုပ်ပြီးတော့ နောက်အစိုးရအဖွဲ့ လက်ထဲ အာဏာ ဘယ်တော့လွှဲမယ်ဆိုတာတွေက အတိအကျမသိရသေးပါဘူး။ ဒါပေမဲ့လည်း မတ်လကုန် ဧပြီလဆန်းလောက်မှာ အားလုံးပြီးစီးနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေကတော့ ကျယ်ကျယ်ပြန့်ပြန့် ထွက်နေပါတယ်။

---

# နာဂ အချင်းချင်း တိုက်ပွဲဖြစ်ပွား

**RFA ၊ မတ်လ ၂၃ ။** ။ စစ်ကိုင်းတိုင်း အထက်ပိုင်း နာဂတောင်တန်းမှာ နာဂလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့အကြား တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့အတွက် ဒေသခံရွာသားတွေ ထွက်ပြေးကြရပြီး ရွာပြင် တောင်ယာတဲတွေမှာ ခိုလှုံနေထိုင် နေကြရတယ်လို့ သိရပါတယ်။

ဦးခပ်ပလန် ဦးဆောင်တဲ့ နာဂ လက်နက်ကိုင် အဖွဲ့အခြေပြုရာ နန်းယွန်းမြို့နယ် မြောက်ပိုင်းကို သူတို့ရဲ့ ပြိုင်ဖက် တီမွိုက်ပါး ဦးဆောင်တဲ့ နာဂလက်နက်ကိုင် အဖွဲ့တွေ ဝင်ရောက် လာတဲ့အတွက် ဒီလ ၁၇ ရက်နေ့က စပြီး အခုအချိန်အထိ တောက်လျှောက်ဆိုသလို တိုက်ပွဲတွေဖြစ်ပွားနေတယ်လို့ သိရပါ တယ်။

အဲဒီ နာဂလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ရဲ့တိုက်ပွဲကြောင့် ဟက်စီနတ်ခွန်းဆိုတဲ့ ရွာတရွာ မီးလောင်ပြီး ရွာအတော်များများက ရွာသားတွေ ထွက်ပြေးနေကြရကြောင်း အိန္ဒိယ-မြန်မာနယ်စပ်မှာ နေထိုင်တဲ့ နာဂအမျိုးသား ကိုမိုးကြည်က RFA ကို ပြောပါတယ်။

# ကျောက်ပန်းတောင်း အဖွဲ့ချုပ်၏ လူမှုရေးလုပ်ငန်း အနှောင့်အယှက်ခံရ

**RFA ၊ မတ်လ ၂၃ ။** ။ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အင်န်အယ်လ်ဒီအဖွဲ့ဝင်တွေက မြို့နယ်အတွင်းရှိ တောင်ပုံတောင် ကျေးရွာသွားပြီး အသက်အရွယ်ကြီးတဲ့သူတွေကို ဆေးဝါးနဲ့ ငွေကြေး လှူဒါန်းခဲ့ကြတာကို ဒေသခံအာဏာပိုင်တွေက တားဆီးနှောင့်ယှက် ခဲ့တယ်လို့ အင်န်အယ်လ်ဒီ အဖွဲ့ဝင် ကိုအေးခိုင်က ပြောပါတယ်။

"၇၈ နှစ်က ၁၀၁ နှစ်ရှိတဲ့ သက်ကြီးရွယ်အို လူ ၃၀ ကို မျက်နှာသုတ်ပုဝါတွေ၊ တိုင်းရင်းဆေးတွေ အားဆေးတွေ ကန်တော့ကြတာ အဲဒီဟာကို ကျနော်တို့ပြန်တဲ့အချိန်မှာ ပုပ္ပားရဲစခန်းက ရဲ ၂ဦးရယ် နောက်တခါ ရယက ဥက္ကဋ္ဌ ကိုစိုးဝင်းရယ်၊ မယက စာရေးတဦး ကနေပြီးတော့ နလုံးရောဂါသည် ဒေါ်ဝင်းရီ၊ ဒေါ်ဝင်းဌေးတို့အိမ်ကို လာပြီးတော့ ဘာလို့လက်ခံတာတုန်းဆိုပြီးတော့ ခြိမ်းခြောက်တယ်ပေါ့။ နလုံးရောဂါသည် ဒေါ်ဝင်းဌေးက လန့်ဖျပ်သွားတယ်ပေါ့။ အဲဒါအပြင်ကို ကန်တော့ခံ သက်ကြီးရွယ်အို ဒေါ်ခင်ကြည်၊ ဒေါ်စောငယ်နဲ့ ဦးလှသောင်းရဲ့ အိမ်ကို သွားပြီး နောက်ကို အင်န်အယ်လ်ဒီကလာရင် လက်မခံဖို့ ခြိမ်းခြောက်တဲ့ စကားတွေ ပြောဆိုကြတယ်။"

ဒေသခံ ပြည်သူလူထုက အင်န်အယ်လ်ဒီရဲ့ လူမှုရေးလုပ်ငန်းတွေကို ထောက်ခံလာရုံတင်မက အားကိုးတဲ့ အဆင့်အထိဖြစ်လာလို့ အာဏာပိုင်တွေကအခုလို နှောင့်ယှက်တာဖြစ်ပြီး ကျောက်ပန်းတောင်း အင်န်အယ်လ်ဒီအနေနဲ့ကတော့အနှောင့်အယှက် ဘယ်လိုပဲတွေ့တွေ့ လူမှုရေးလုပ်ငန်းတွေကို ဆက်လက် လုပ်ကိုင်သွားမဲ့အကြောင်း ကိုအေး ခိုင်က ဆက်ပြောပါတယ်။

"ကျနော်တို့အနေနဲ့ကတော့ ဒီလူမှုရေးလုပ်ငန်းတွေကိုဘယ်လို ခြိမ်းခြောက် ခြိမ်းခြောက် ဆက်လက် လုပ်ဆောင်သွားမှာပါ။ ကျနော်တို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုကိုလည်း ဒီအကြောင်းတွေကို တင်ပြမှာပါ။ အဖြစ်အပျက်တွေကိုလေ ကျနော်တို့ အခုဆိုရင်ရေးရှုပ်ပါး နေကြပြီ။ ကျနော်တို့ရေတွေဝေဖို့ အစီအစဉ်တွေ ဆွဲနေပါတယ်။ ရွာတွေ အတော်များများကို ဒီလကုန်ကနေစပြီးလုပ်ကြမှာပါ။ ငွေတွေလည်း လှူနေတယ်။ ရေတွေ ဘာတွေလည်း ပေးဝေသွားမယ်။ တောင်ပုံတောင်ရွာမှာလည်း ခြိမ်းခြောက်နေပေမဲ့ ရွာသူရွာသားတွေက သူတို့ရွာကလည်း မကြောက်တဲ့အကြောင်းကို ပြချင်လို့ပါတဲ့။ ကျနော်တို့ ဖိတ်ခေါ်ထားတယ် ထပ်သွားဦးမှာပါ။"

ကျောက်ပန်းတောင်းမြို့ အင်န်အယ်လ်ဒီ အဖွဲ့ဝင်တွေဟာ ၂၀၁၀ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကနေ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်း ကျေးရွာ စာသင်ကျောင်းတွေက ကလေးတွေကို စာအုပ်တွေ ပေးဝေတာ၊ အစား အစာနဲ့ ရေပေးဝေတဲ့ လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်နေကြတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၈ မှ**

ဆိုတဲ့အချက်ကို သတိပြုပါ။ လွှတ်တော်ဥက္ကဋ္ဌနဲ့ဝန်ကြီးချုပ်-သမတ ခန့်ထားတာထက် ကာကွယ်ရေးဝန်ကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်ခန့်ထားတာတွေက ပိုပြီးကြန့်ကြာနေတာတို့ဟာ တိုင်းပြည်မှာဘယ်တာဝန်၊ ဘယ်ရာထူးက အရေးပါဆုံးဖြစ်တယ်ဆိုတာကိုပြနေတာမျိုးပါပဲ။ ဒ့ါအပြင် အစိုးရထဲကအစိုးရဆိုတာထက်ဆိုတဲ့ အစိုးရအပြင်ကအစိုးရ လို့ဆိုရမယ့် အကလက (အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ) ဆိုတာကလည်း တသီးတခြား၊ ထီးထီးမားမားတည်ရှိနေပါသေးတယ် ။

ဒီလို သိသာထင်ရှားတဲ့အချက်တွေ ရှိနေပါလျက်ကနဲ့လည်းနဂိုကတည်းက နအဖစစ်အစိုးရကို အသိအမှတ်ပြု လူရာသွင်းချင်နေကြတဲ့ ပြည်တွင်းပြည်ပက လူအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုးတို့ဟာ ကြိပ်ပြေးမှာ လွှတ်တော်တခု ပေါ်လိုက်တယ်ဆိုတာနဲ့ပဲ အရပ်သား အစိုးရဖြစ်ပြီလို့ တမျိုး၊ အရင်ကထက်တော့ တော်သေးတာပဲဆိုလို့ တမျိုးမျိုးတကောင်းထဲရတဲ့ဖွတ်ကလေးကိုခေါင်းပွတ်ကြည့်၊အမြီးလှန်ကြည့် လုပ်နေကြပါတယ်။ မမေ့သင့်တာက အစိုးရတရပ်ဟာ ရွေးကောက်ပွဲသဏ္ဌာန်နဲ့ ဖွဲ့စည်းထားတာပဲဖြစ်စေ၊ တခြားဘယ်သဏ္ဌာန်နဲ့ဖွဲ့စည်းထားတာပဲဖြစ်စေ စစ်တပ်ကို ပြည်သူလူထု ချုပ်ကိုင်မှုအောက်က ခွဲထုတ်ပြီး သီးသန့်ချုပ်ကိုင်ထားရင် အဲဒီအစိုးရဟာ စစ်အာဏာရှင်အစိုးရပဲ ဖြစ်နေမှာပဲဆိုတဲ့ အချက် ပါ။ အဝတ်အစား၊ အပြောစကား၊အရေးအကြွားတွေကိုကြည့်ပြီး သတ်မှတ်နေလို့ကတော့ နိုင်ငံရေးအရည့်ဖျင်းရာ ကျလွန်းတယ်လို့ ထင်ပါတယ်။

ဒီနေ့ဗမာပြည်မှာ တပ်မတော်နဲ့ပတ်သက်တဲ့ အဓိကအကျဆုံး ပြဿနာဟာ တပ်မတော်ကို ပြည်သူလူထုရဲ့ကွပ်ကဲမှု အောက်ပြန်ပို့ရေးဖြစ်ပါတယ်။ တနည်းအားဖြင့် ပြည်သူလူထုကို အစစ်အမှန်ကိုယ်စားပြုတဲ့ အစိုးရတရပ်ရဲ့အမိန့်ကို နာခံတဲ့တပ်ဖြစ်စေဖို့ဖြစ်ပါတယ်။ အခုတော့ နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအရဆိုရင် ဒီစစ်တပ်ကြီးဟာ အကလက (အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ) နဲ့ ကာကွယ်ရေးဦးစီးချုပ်ရဲ့အမိန့်ကိုပဲ နာခံမယ်ဆို တာလိုဖြစ်နေပါတယ်။ အခုတော့ ဒီစစ်အုပ်စုတခုရဲ့ လက်ကိုင်တုတ်လိုဖြစ်နေတဲ့ တပ်မတော်ဟာပြည်သူလူထုရဲ့ဂုတ်ပေါ်မှာ ဝဲနေတဲ့ဓား၊ တိုင်းပြည်အထက်မှာ ပျံဝဲ ခြိမ်းခြောက်နေတဲ့ဖုံးကြံလေယာဉ်ကြီးလို ဖြစ်နေပါတယ်။ စစ်တပ်ကို စစ်တန်းလျားပို့ရမယ့်အစား လွှတ်တော်ထဲ၊ အိမ်ဦးခန်းထဲကို ခေါ်သွင်းလာခဲ့ပါပြီ။ ဒ့ါအပြင် လွှတ်တော်က မချုပ်ထိန်းနိုင်တဲ့ ဒီစစ်တပ်ကို အချိန်မရွေး အာဏာသိမ်းပိုင်ခွင့်တွေ ပေးထားပါတယ်။

အခုလို ပြည်သူနဲ့စစ်တပ်ဆက်ဆံရေးမှာ ဘုရားကား အောက်၊ မျောက်ကားအထက်ဖြစ်နေတဲ့ အနေအထားကို ပြန်မပြောင်းနိုင်သေးသရွေ့တိုင်းပြည်ဟာ စစ်တပ်ရဲ့အနိုင်ကျင့်မှုကိုခံနေပါလိမ့်မယ်။ ပြည်သူလူထုကို စစ်တပ်ရဲ့လုပ်စာစားနေရတယ်ဆိုတဲ့အမြင်မျိုး ဖယ်ရှားပြီး ပြည်သူလူထု ဟာ တပ်မတော်ရဲ့ မွေးမိဘ၊ ကျွေးမိဘဖြစ်ကြောင်းတပ်မတော်သားတွေကိုသဘောပေါက်အောင် လုပ်ဖို့လိုပါတယ်။ဗမာပြည်မှာ သဘာဝကပ်ဘေးတွေကြုံတွေ့ရရင် တပ်မတော်ဟာ သူများနိုင်ငံတွေ မှာလို ရှေ့တန်းကထွက်လာပြီး လူထုကိုကူညီ၊ ကယ်ဆယ်တဲ့အနေအထားမျိုးပြန်ရောက်မှလူထုနဲ့တပ်မတော်ဆက်ဆံရေးလည်း တဖြည်းဖြည်း ပုံမှန်ဆီပြန်ရောက်မှာပါ။ အဲဒီလို မဟုတ်လို့ကတော့ ဗိုလ်သန်းရွှေတို့ ကျွေးမွေးတာ စားပြီး လူထုအပေါ်နိုင်စားနေတဲ့ လူထုချဉ်ဖတ်ပဲ ဖြစ်နေဦးမှာပါပဲ။

卐卐卐卐卐

# နျူးကလီယားဓာတ်ရောင်ခြည်ပျံ့လွင့်မှု ဂျပန်ဝန်ကြီးချုပ်သတိပေး

**VOA ၊ မတ်လ ၂၅ ။** ။ ဂျပန်နိုင်ငံ ဖူကူရှီးမားခရိုင်က အမှတ် ၁ လျှပ်စစ်ဓါတ်အားပေးစက်ရုံရဲ့ နံပါတ် ၃ အနုမြူဓါတ်ပေါင်းဖိုအတွင်းပိုင်းဟာ လုံးဝပျက်စီးသွားဖွယ်ရှိတယ်ဆိုတဲ့သတင်းကြောင့် ဒီဓါတ်ပေါင်းဖိုရဲ့ အန္တရာယ်ရှိတဲ့အနေအထားဟာ မြင့်မားနေဆဲဖြစ်တယ်လို့ ဒီကနေ့ ဝန်ကြီးချုပ် နာအိုးတိုးခန် Naoto Kan က ရုပ်မြင်သံကြားကနေ တိုင်းပြည်ကိုပြောကြားသွားခဲ့ပါတယ်။ ဒီကနေ့ ရေဒီယိုသတ္တိကြွရောင်ခြည်တွေပျံ့လွင့်မှုမြင့်တက်လာနေတာကြောင့် ဂျပန်တနိုင်ငံလုံး သတိဝီရိယနဲ့ရှိနေကြရမယ်လို့လည်း ဝန်ကြီးချုပ်ခန်ကပြောပါတယ်။

ဂျပန်အစိုးရဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယူခိယို အဲဒနို Yukio Edano ကလည်း ဒီဓါတ်ပေါင်းဖိုရဲ့ ၁၂ မိုင်ကနေ ၁၈ မိုင်ပတ်လည်အတွင်းနေထိုင်ကြသူတွေ ရွှေ့ပြောင်းသွားကြဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

မတ်လ ၁၁ ရက်နေ့က ငလျင်နဲ့ဆူနာမီရေလှိုင်းကြီးတွေ ရိုက်ခတ်ခံခဲ့ရပြီးတဲ့နောက်ပိုင်း ၃ ရက်အကြာမှာ ဖူကူရှီးမားခရိုင် အမှတ် ၁ လျှပ်စစ်ဓါတ်အားပေးစက်ရုံက နံပါတ် ၃ အနုမြူဓါတ်ပေါင်းဖိုရဲ့ အတွင်းပိုင်းဟာ ဟိုက်ဒရိုဂျင်ဓါတ်ငွေ့ပေါက်ကွဲမှုကြောင့် လုံးဝပျက်စီးသွားဖွယ်ရှိတယ်လို့ ဂျပန်နျူကလီးယားနဲ့စက်မှုလုပ်ငန်းများလုံ ခြုံရေးအေဂျင်စီ ဒုတိယညွှန်ကြားရေးမှူး ဟိဒဲဟိကို နိရှိယာမ Hidehiko Nishiyama က ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှာ သတိပေးပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံ ဖူကျိယန်ပြည်နယ် Fujian Province ဂျားမင်း Xiamen မြို့ သင်္ဘောဆိပ်ကိုရောက်ရှိလာတဲ့ ကမ္ဘာလှည့်သင်္ဘောကြီးပေါ်က ဂျပန်ခရီးသည် ၂ ဦးဟာ ရေဒီယိုသတ္တိကြွ ဓါတ်ရောင်ခြည်တွေ အလွန်အမင်းကျရောက်နေတာ တွေ့ရှိရပြီးတော့ သူတို့ကို အထူးဆေးရုံတရုံမှာ ဆေးစစ်မှုတွေလုပ်နေတယ်လို့လည်း ဒီကနေ့ တရုတ်အာဏာပိုင်တွေကပြောပါတယ်။ ဂျပန်ခရီးသည် ၂ ဦးရဲ့ ခရီးဆောင်သေတ္တာတွေနဲ့ဝတ်ထားတဲ့အဝတ်တွေပေါ်မှာ ကျရောက် နေတဲ့ ရေဒီယိုသတ္တိကြွဓါတ်ရောင်ခြည်တွေရဲ့ အန္တရာယ်ရှိ မှုအဆင့်ဟာ သိပ်မြင့်လွန်းတယ်လို့လည်း တရုတ်အာဏာပိုင်တွေကဆိုပါတယ်။

နိုင်ငံတကာက သင်္ဘောလိုင်းတချို့ကလည်း သူတို့ရဲ့ ကုန်သင်္ဘောတွေကို တိုကျိုပင်လယ်အော်ထဲက အဓိကအကျဆုံး ယိုကိုဟားမား Yokohama တို့ကို အဝင်အထွက်မလုပ်ကြဖို့ ညွှန်ကြားထားပါတယ်။

## ပြက္ခဒိန်မှ

**မတ် ၂၄ ၊** DVB ။ ။ ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါ်လေဒေသတွင် နအဖ နှင့်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ တိုက်ပွဲများဖြစ်နေ၏။

**မတ် ၂၄ ၊** Irrawaddy ။ ။ လစ်ဗျား၏ ဂဒါဖီအား ကမ္ဘာ့အင်အားစုမှ တိုက်ခိုက်နေ၍ မြန်မာတွင် တီရှပ်စလောင်းများရောင်းသွက်နေ၏။

**မတ် ၂၄ ၊** Mizzima ။ ။ မြန်မာသည် ကမ္ဘာသို့အန္တရယ်ပြုမည့်လက်နက်ဆောက်ရေးသည် နျူကလီယားမဟုတ်ဘဲ စက်ဒုံးပျံများဟု ကျွမ်းကျင်သူအချို့မှဆိုကြောင်း Jim Andrews မှ သတင်းဝေဖန်၏။

**မတ် ၂၄ ၊** Mizzima ။ Crossing Salween သံလျင်ကိုဖြတ်ကျော်စဉ်ရုပ်ရှင်တွင် ကရင်ဒုက္ခသည်လေးအဖြစ်သရုပ်ဆောင်သူ ရှမ်းမလေးအား ကမ္ဘာမှပီပြင်မှုအတွက် ချီးကျူး၏။

**မတ် ၂၄ ၊** DVB ။ ။ ရှမ်းပြည်တောင်ပိုင်းရှိ ရွာ ၆ ရွာမှ ဒေသခံများအား သူပုန်များနှင့်အဆက်အစပ်မရှိနိုင်ရန် ရွာပြောင်းစေခဲ့ကြောင်း။

**မတ် ၂၅ ၊** DVB ။ ။ ရှမ်းပြည် လွယ်မွေမြို့အနီးဗဟိုပြုသည့် မတ်၂၄ ငလျင်ကြောင့် လက်ရှိလူ ၇၄ ဦးသေဆုံး၊ ၁၁၁ ဦးဒဏ်ရာရကြောင်း၊ တိုက် အိမ် တံတား၊ လမ်းပမ်းများ ပျက်စီးခဲ့ကြောင်း။

**မတ် ၂၅ ၊** DVB ။ ။ ငလျင်ကြောင့် တာလေမြို့တွင် ယမန်နေ့ညအထိ လူ ၄၀ ခန့်သေဆုံးကြောင်း။

**မတ် ၂၅ ၊** Mizzima ။ ။ ပါလီမန်မှမဆုံးဖြတ်မီ ပြင်ပသို့ပေါက်ကြားခဲ့သော ပါလီမန်တွင်းမေးခွန်းများနှင့် အတည်ပြုမှုများကို အသိအမှတ်မပြုဟု ပါလီမန်အထက်လွှတ်တော်မှဆို၏။

**မတ် ၂၅ ၊** Mizzima ။ ။ ကမ္ဘာ့ဘောလုံးအဖွဲ့ FIFA လူကြီးများ၏ မြန်မာခရီးစဉ်အသုံးစရိတ် စသည်များကို ဆွီဇာလန်အစိုးရ၏ ဆိုင့်ရှင်ဌာနခွဲမှစစ်ဆေးမည်။

**မတ် ၂၅ ၊** DVB ။ ။ မုန်တိုင်းထပ်မံလာမည်ဖြစ်၍ တံငါများအား ကမ်းကပ်ရန် မိုးလေဝသဌာနမှသတိပေး၏။

**မတ် ၂၅ ၊** AFP ။ ။ နအဖ အာဏာပိုင်များသည် ဗိုလ်ချုပ်သန်းရွှေ၏အထုပတ္တိပြုစုသူ Benedict Rogers အား မြန်မာမှပြည်နှင်ဒဏ်ပေးခဲ့၏။

**မတ် ၂၅ ၊** Reuters ။ ။ မြန်မာတွင် မတ် ၂၄ ငလျင်ကြောင့် နေအိမ်နှင့်အစိုးရအဆောက်အဦများပြိုကျ၍ ယနေ့အထိလူ ၇၄ ဦးသေဆုံးစာရင်းရကြောင်း။

**မတ် ၂၅ ၊** Rtrs ။ ။ ကျောက်မျက်ရတနာရောင်းပွဲမှ ဒေါ်လာသန်း ၂ ဒသမ ၈ ရရှိကြောင်း။

**မတ် ၂၅ ၊** Time ။ ။ စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များအဆိုအရ မတ် ၂၄ မြန်မာငလျင်ကြောင့် အနည်းဆုံးလူ ၁၂၀ ကျော်အသက်ဆုံးရှုံးခဲ့နိုင်ကြောင်း။

**မတ် ၂၅ ၊** NYT ။ ။ မြန်မာ၊ ထိုင်းနှင့် လာအို တို့တွင်လည်း နောက်ဆက်တွဲငလျင်များလှုပ်နေ၍ တာချီလိတ်တွင် လူအချို့အိမ်များမှပြေး၍ ပန်းခြံများတွင် ခိုလှုံဆုတောင်းနေကြောင်း။

**မတ် ၂၅ ၊** OCHA, UN ။ ။ ရစ်ချတာဇယားအရ ၇ ဒသမ ၀ ရှိ ငလျင်သည် မြန်မာတွင် မြန်မာစံတော်ချိန် ၈ နာရီခွဲတွင် တုန်လှုပ်ခဲ့ပြီး လူသေမှု တောင်ပြိုမှုများစွာရှိနိုင်ကြောင်း၊ မြန်မာနှင့်ကုလကယ်ဆယ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း။

**မတ် ၂၅ ၊** IRIN ။ ။ ထိုင်းရှိမြန်မာဒုက္ခသည်များ တတိယနိုင်ငံများသို့ရွှေ့ပြောင်းမှုများရှိနေသော်လည်း ထိုင်းရှိ မြန်မာ နယ်စပ်ဒုက္ခသည်စခန်း ၉ ခု၏ လူဦးရေသည် မတိုးမလျော့ကြောင်း ထိုင်းမြန်မာနယ်စပ်ကူညီရေးအဖွဲ့ တီဘီဘီစီ မှဆို၏။

**မတ် ၂၅ ၊** Irrawaddy ။ ။ လူသားချင်းစာနာမှုဥပဒေ သို့မဟုတ် စစ်တွင်းဥပဒေကို လေးစားလိုက်နာရန် နအဖ အား အမေရိကန်အခြေစိုက် Human Rights Watch မှ အိပ်ဖွင့်စာရေးသားတောင်းဆို၏။

**မတ် ၂၅ ၊** Irrawaddy ။ ။ ယခင်အပတ် မုန်တိုင်းကြောင့် တံငါ ၃၃၀၀ ခန့်ပျောက်ဆုံးနေသေးကြောင်းသတင်းသည် ယမန်နေ့ငလျင်လောက် ပြည်တွင်းပြည်ပသို့ မပေါက်ရောက် အကူအညီမရဖြစ်နေကြောင်း။

# နအဖမှ ပိတ်ဆို့မှုတွေ ဖယ်ရှားဖို့ သံဃာနဲ့ကျောင်းသားအဖွဲ့ချုပ်တို့ တောင်းဆို

**RFA | မတ်လ ၂၃ ။** ။ နိုင်ငံတကာအစိုးရတွေက မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေကို ရုပ်သိမ်းပေးဖို့ မြန်မာစစ်အစိုးရကလိုလားတယ်ဆိုရင် မြန်မာပြည်သူတွေအပေါ် စစ်အစိုးရက ချမှတ်ထားတဲ့ပိတ်ဆို့မှုတွေကို အရင်ဆုံး ရုပ်သိမ်းပေးဖို့လို မယ်လို့ သံဃာ့တပ်ပေါင်းစု၊ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

မြန်မာစစ်အစိုးရနဲ့အတူ ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရပါတီတချို့က နိုင်ငံတကာက ပိတ်ဆို့အရေးယူထားတဲ့အတွက် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုနိမ့်ကျနေသယောင် ပြောဆိုတာတွေရှိကြောင်း၊ တကယ်တမ်း မြန်မာပြည်က သယံဇာတတွေရောင်းပြီး ရသမျှငွေတွေကို စစ်အစိုးရနဲ့ အပေါင်းအပါတွေကပဲ လက်ဝါးကြီးအုပ်ထားပြီး၊ အာဏာတည်မြဲရေး အတွက်သာအသုံးပြုနေတာဖြစ်ကြောင်း ကြေညာချက်မှာ ဖော်ပြထား ပါတယ်။

မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းသွားစေချင်ရင်တော့၊ စစ်အစိုးရက မြန်မာပြည်သူတွေအပေါ် နှစ်ပေါင်းများစွာ ပိတ်ဆို့အရေးယူထားတာတွေကို ရုပ်သိမ်းဖို့လိုအပ် တယ်လို့ရှုမြင်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ဗကသ ခေါင်းဆောင်တဦးဖြစ်တဲ့ မကြည်သာတင့်က ပြောပါတယ်။

စစ်အစိုးရအနေနဲ့ မြန်မာပြည်သူတွေအပေါ် ကျင့်သုံးနေတဲ့လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်မရှိခြင်း၊လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်မရှိခြင်း၊ ဒီမိုကရေစီလိုလားသူတွေကို ထောင်သွင်းအ ကျဉ်းချထားခြင်း၊ လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်စားသောက်ခွင့်မရှိခြင်း၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်မရှိခြင်းစတဲ့ ပိတ်ဆို့အရေးယူထားတာတွေကို ဖယ်ရှားပေးဖို့လိုအပ်ကြောင်းလည်း မကြည်သာတင့်က ဆက်လက် ပြောပါတယ်။

“သူတို့ ကျွန်မတို့ပြည်သူတွေအပေါ်ကို ချမှတ်ထားတဲ့ sanction တွေကိုကြည့်မယ်ဆိုလို့ရှိရင် အင်တာနက်တွေဆိုလည်း သူတို့ဖြတ်တောက်တယ်၊ ပြီးတဲ့အခါမှာ ဒီမိုကရေစီကိုလိုလားတဲ့ နိုင်ငံရေးသမား၊ ကျောင်းသူကျောင်းသားတွေအားလုံးကို သူတို့ ထောင်ထဲကိုထည့်တယ်၊ ထောင်ဝင်စာတွေပိတ်တယ်၊ တိုက်ပိတ်တယ်၊ အဲဒါတွေကို အမြန်ဆုံး ကျွန်မတို့ ရုပ်သိမ်းစေချင်ပါတယ်။”

“ပြီးတဲ့အခါမှာ ကျွန်မတို့ ဒီကျောင်းသူကျောင်းသားတွေအပါအဝင် သမဂ္ဂအသီးသီး ဖွဲ့စည်းခွင့်ပိတ်ပင်ထားတာကိုလည်း အမြန်ဆုံး သူတို့ ရုပ်သိမ်းသင့်ပါတယ်။ ပြီးတဲ့အခါမှာ ဒီ ဗုဒ္ဓဘာသာ၊ ကျွန်မတို့ ဘုန်းတော်ကြီးတွေရဲ့တရားပွဲတွေမှာဆိုလို့ရှိရင်လည်းပဲ မလိုလားအပ်တဲ့စည်းကမ်းချက်တွေနဲ့ တင်းကျပ်တာတို့ ပိတ်ပင်တာတို့ ဒါတွေ လုပ်ထားခြင်းကိုလည်း အမြန်ဆုံး ရုပ်သိမ်းသင့်ပါတယ်။”

စစ်အစိုးရရဲ့ဖိနှိပ်မှုတွေရှိနေသမျှ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးတွေရဲ့ ပိတ်ဆို့အရေးယူမှုတွေဟာ ဆက်လက်ရှိဦးမှာ ဖြစ်သလို မြန်မာပြည်သူတွေ ကျောင်းသားလူငယ်တွေရဲ့ ဆန့်ကျင်မှု တွေဟာလည်း ဆက်လက်ရှိနေဦးမှာဖြစ်ကြောင်းဖော်ပြထားပါတယ်။

## လစ်ဗျားအပေါ် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံ

**RFA | မတ်လ ၂၆ ။** ။ လစ်ဗျားအာဏာရှင် ဗိုလ်မှူးကြီးဂဒါဖီ ဩဇာခံ စစ်တပ်တွေရဲ့ ရက်ရက်စက်စက်ချေမှုန်းမှုဒဏ်ကိုခံနေရတဲ့ လစ်ဗျား ပြည်သူတွေကိုကယ်တင်ဖို့ နိုင်ငံတကာတပ်ဖွဲ့တွေ စစ်ရေးအရ ဝင်ရောက်နိုင်ရေးအတွက် ပြီးခဲ့တဲ့ မတ်လ ၁၇ ရက်နေ့မှာ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၉၇၃ ကို ချမှတ်ခဲ့တာဟာ သင့်တော်တဲ့လုပ်ရပ်ဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ် အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

RFA က အပတ်စဉ်ထုတ်လွှင့်နေတဲ့ လူထုနဲ့ ‘ဒေါ်အောင်ဆန်း စုကြည် အမေးအဖြေ’ ကဏ္ဍအတွက် အဖြေစကားတွေကို သောကြာနေ့က ကြိုတင်ပြီးရရှိခဲ့ရာမှာ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့သဘောထားကို အခုလိုပြောကြားလိုက်တာ ဖြစ်ပါတယ်။

တဆက်တည်းမှာပဲ မြန်မာစစ်အစိုးရကို လုံခြုံရေးကောင်စီက အလားတူ အရေးယူနိုင်မယ့်အလားအလာနဲ့ပတ်သက်ပြီး မေးမြန်း ခဲ့တာကိုတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် လုံခြုံရေး ကောင်စီအနေနဲ့ အားပေးတဲ့ဆုံးဖြတ်ချက်မျိုးကို မိမိလိုလားကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

အမျိုးသားရင်ကြားစေ့ရေးရရှိမှသာလျှင် စစ်မှန်တဲ့ငြိမ်းချမ်းရေး ကိုတည်ဆောက်နိုင်မှာဖြစ်တဲ့အတွက်ရေရှည်အတွက်အားပေးဆောင် ရွက်သင့်တယ်ဆိုတဲ့အချက်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေအား လုံးသဘောပေါက်အောင် စည်းရုံးပြောဆိုနိုင်ရင်ကောင်းမွန်မှာဖြစ် ကြောင်း၊အဲဒီလိုလိုက်လျောမှုမျိုးရရှိဖို့ဆိုတာလွယ်ကူမှာမဟုတ်ပေ မယ့်လည်း ဖြောင်းဖြတိုက်တွန်းတဲ့ နည်းအပါအဝင် နည်းလမ်းပေါင်း စုံနဲ့ ကြိုးပမ်းကြဖို့လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြား လိုက်ပါတယ်။

## မြန်မာနိုင်ငံအလုပ်သမားတွေ လစာတိုးရေးတောင်းဆို

**RFA | မတ်လ ၂၆ ။** ။ နိုင်ငံတကာအလုပ်သမားတွေနည်းတူ မြန်မာ နိုင်ငံကအလုပ်သမားတွေ အနိမ့်ဆုံးလုပ်ခလစာရရှိအောင် လက်ရှိ စစ်အစိုးရအနေနဲ့ ပြဋ္ဌာန်းပေးသင့်ကြောင်း ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမား သွေးစည်းညီညွတ်ရေး အ ဖွဲ့ချုပ်က မတ်လ ၂၅ ရက် နေ့စွဲနဲ့ ကြေညာချက် ထုတ်ပြန်တောင်း ဆိုလိုက်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေက အလုပ်သမားတွေ အနိမ့် ဆုံးလစာ ဒေါ်လာ ၄၀ ကျော်ကနေ ၁၇၀ နီးပါးရနေချိန်မှာ မြန်မာ နိုင်ငံမှာတော့ နိုင်ငံခြားကုမ္ပဏီပိုင် စက်ရုံတွေမှာလုပ်နေတဲ့ မြန်မာ အလုပ်သမားတွေဟာ တလကို အမေရိကန် ဒေါ်လာ ၂၀ နီးပါးသာ ရကြတာကြောင့် အခုလို စစ်အစိုးရကို တိုက်တွန်းရတာဖြစ်ကြောင်း သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်က ဆိုပါတယ်။

ဒါပေမယ့်လည်း မြန်မာစစ်အစိုးရဟာ မိမိတို့ မြန်မာအလုပ် သမားတွေ ရသင့်ရထိုက်တဲ့လုပ်ခလစာကို တောင်းပေးရမယ့်အစား နိုင်ငံခြားကလာရောက်ရင်းနှီးမြုပ်နှံတဲ့ကုမ္ပဏီတွေနဲ့အကျိုးတူပူးပေါင်း လုပ်ကိုင်နေပြီး အလုပ်သမားတွေအရေးကို လျစ်လျူရှုထားသလို တွေ့ နေရကြောင်း ထောက်ပြထားပါတယ်။

**စာမျက်နှာ ၁၉ သို့**

# မြန်မာလုပ်သားများကို ကူညီတဲ့ မလေးရှားရှေ့နေကို ဂျပန်ကတရားစွဲ

**RFA ၊ မတ်လ ၂၂ ။** ။ မလေးရှားနိုင်ငံမှာ ရှိတဲ့ ဂျပန်ကုမ္ပဏီ Asahi Kosei စက်ရုံမှာ အလုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမား ၃၁ ယောက်နဲ့ ပတ်သက်ပြီး ကူညီ ဆောင်ရွက်ပေးနေတဲ့ လူ့အခွင့်အရေးရှေ့နေ Charles Hector အပေါ် ဂျပန်ကုမ္ပဏီက အသရေဖျက်မှုနဲ့တရားစွဲဆိုခဲ့တဲ့အမှုကို သက်ဆိုင်ရာက မတ်လ ၂၁ ရက် မနေ့ကစစ်ဆေးပြီး ရှေ့လ ၁၉ ရက်ကို ရုံးချိန်း ထပ်ပေးလိုက်ပါတယ်။

မနေ့က စစ်ဆေးကြားနာမှုနဲ့ပတ်သက်ပြီး မြန်မာ့အရေးဆောင်ရွက်ပေးနေတဲ့ Burma Campaign Malaysia (BCM) က တာဝန်ခံကိုထွန်းထွန်းက အခုလိုပြောပြပါတယ်။

"မနေ့ကတော့ နစ်ဖက်လျှောက်လဲချက် တင်သွင်းကြတဲ့အဆင့်ပဲရှိပါသေးတယ်။ ဒါပေမဲ့ တရားသူကြီးအနေနဲ့ အင်မတန်မှဆိုးဝါးတဲ့ ဆုံးဖြတ်ချက်တခုကိုချလိုက်တယ်။ ကျွန်တော်တို့ ဒီဖက်က တရားပြိုင်ဖက်ကပေါ့နော်၊ ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီးတော့ ကိုယ့်ဖာသာကိုယ်ကျခံရမယ်ဆိုပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တယ်။ အမှန်မှာတော့ သူက ဒါက တရားစတင်စွဲဆိုတဲ့ လူအနေနဲ့ လျော်ကြေးပေးရမှာကိုးကျွန်တော်တို့ကို ကုန်ကျစရိတ်။ အဲဒါကို သူဆုံးဖြတ်ချက်ချတယ်။"

ဒီအမှုနဲ့ပတ်သက်ပြီး ဂျပန်မှာလည်း ASAHI KOSEI ကို ရဲအဖွဲ့က စုံစမ်းကာ သူတို့ကုမ္ပဏီမှာ တာဝန်ရှိတယ်လို့ ပြောထားကြောင်း ကိုထွန်းထွန်းက ပြောပါတယ်။

ဒ့ါပြင် မနေ့က ပြုလုပ်ခဲ့တဲ့ မလေးရှားဝန်ကြီးအဖွဲ့ အစည်းအဝေးမှာ နိုင်ငံခြားအလုပ်သမားတွေ ငှားရမ်းတဲ့ကိစ္စမှာ ဖြစ်လာတဲ့နောက်ပိုင်းပြဿနာတွေအတွက် ကုမ္ပဏီတွေမှာတာဝန်ရှိကြောင်းပြောသွားတဲ့အတွက် မိမိတို့အဖို့ အလားအလာ ကောင်းတယ်လို့ဆိုပါတယ်၊

အမှုကတော့ မြန်မာအလုပ်သမား ၃၁ ယောက်က သူတို့ကို စာချုပ်အတိုင်း လစာမပေးလို့ ဆန္ဒပြတောင်းဆိုခဲ့တာ ဖြစ်ပါတယ်၊ ဒီအကြောင်းတွေကို မြန်မာအလုပ်သမား အခွင့်အရေးတွေ ဆောင်ရွက်ပေးနေတဲ့ ရှေ့နေ Charles Hector က အင်တာနက် ဘလော့မှာ တင်ပြလိုက်လို့ ဂျပန်ကုမ္ပဏီက အသရေဖျက်မှုနဲ့ တရားစွဲဆိုခဲ့တာပါ။

---

# ပုံးကွဲမှုသံသယဖြင့် ဖမ်းဆီးနှိပ်စက်ခံရ

**DVB ၊ မတ်လ ၂၃ ။** ။ ၂၀၁၁ – ဖေဖော်ဝါရီလ လ ၂၇ ရက်နေ့က အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ ပုံးပေါက်ကွဲမှုမှာ သံသယနဲ့ ရခိုင်တိုင်းရင်းသား ၁၀၀ နီးပါး လှိုင်သာယာရဲစခန်းမှာ ဖမ်းဆီးစစ်ဆေးတာ ခံခဲ့ရပါတယ်။

ပုံးပေါက်ကွဲမှုမှာ ဒဏ်ရာရပြီး ဖမ်းမိခဲ့တဲ့ တရားခံနဲ့ အတူနေထိုင်တဲ့ ရခိုင်လူမျိုးက ထွက်ပြေးသွားတဲ့အတွက် အင်းစိန်မြို့နဲ့ လှိုင်သာယာမြို့နယ်တွေမှာ နေထိုင်တဲ့ ရခိုင်လူမျိုးတွေကို ဖမ်းဆီးစစ်ဆေးနေတာဖြစ်တယ်လို့ ရခိုင်မောင်မယ် အသင်းတာဝန်ရှိသူတယောက်က ပြောပါတယ်။ လှိုင်သာယာ ရခိုင်မောင်မယ်အသင်း ဥက္ကဋ္ဌဦးစောလှအောင် အပါအဝင် ၆ ဦးမှာ ရက်ရှည်ခေါ်ယူစစ်ဆေးခံခဲ့ရသလို စစ်ဆေးစဉ်မှာလည်း အာဏာပိုင်တွေက လူမျိုးရေးစော်ကားပြောဆိုမှုတွေရှိတယ်လို့ ရခိုင်အမျိုးသားတဦးက ပြောပါတယ်။

"သူ့ (ဦးစောလှအောင်)ကို လက်ထိပ်ခတ်ပြီးတော့ စစ်တယ်။ အဲဒီတော့ ကျနော့်မှာ အပြစ်မရှိဘဲ ဘာလို့လက်ထိတ်ခတ်တာလည်း ပြောတော့ ခင်များတို့ ရခိုင်တွေကို ထောင်ကျအောင် ချပြမယ်။ သေချာပေါက်ကျမယ့်လူကို လက်ထိတ်ခတ်တာလို့ပြောပြီး အတင်းခတ်တာ။ အဲလိုပုံစံမျိုးပြောပြီး သူ့ကို စစ်တဲ့အချိန်မှာ ခင်များတို့ ရခိုင်တွေက လူပါးဝတယ်။ ခင်များတို့ကို စော်ချင်နေတာကြာပြီ၊ ခင်များတို့ကို ထောင်ထဲ တန်းစီပြီးထည့်ပစ်မယ်ဆိုပြီး ရင့်သီးတဲ့စကားလုံးတွေနဲ့ တော်တော်လေးကို မိုက်မိုက်ရိုင်းရိုင်း ပြောတယ်။"

ဖမ်းဆီးခံရသူတွေ အားလုံးဟာ အမှုနဲ့ မသက်ဆိုင်တဲ့အတွက် ပြန်လွှတ်မြောက်လာခဲ့ပေမယ့် စစ်ဆေးခံရတုန်းက ပြင်းပြင်းထန်ထန် နှိပ်စက်မှုတွေလုပ်ခဲ့တယ်လို့ ဖမ်းဆီးခံရသူတွေရဲ့အမှုကိစ္စတွေ လိုက်ပါကူညီပေးနေတဲ့ ရခိုင်မောင်မယ် အသင်းတာဝန်ရှိသူတယောက်က ပြောပါတယ်။ ဒီလိုခေါ် ယူစစ်ဆေးခံရသူတွေထဲမှာ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ ကျော်လှစိန်ဆိုသူဟာ ၁၀ ရက်နီးပါး ဖမ်းဆီးစစ်ဆေးစဉ်မှာ နှိပ်စက်ခံခဲ့ရပြီး ဦးနှောက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့တဲ့အတွက် စိတ်ကျန်းမာရေး ဆေးရုံတင်ရမယ့်အခြေအနေရောက်နေတယ်လို့ဆိုပါတယ်။

ဖမ်းဆီးစစ်ဆေးခံခဲ့ရသူတဦးဖြစ်တဲ့ ပုံးဖောက်ခွဲသူတွေ ကားငှားစီးဖူးတယ်လို့သံသယရှိတဲ့ ရခိုင်လူမျိုးအငှားယဉ်မောင်းတဦးဟာလည်း ခြေသလုံးမှာ ဒလိမ့်တုံးနဲ့အကြိမ်ကြိမ်လှိမ့်တာခံခဲ့ရလို့ လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူးလို့ သိရပါတယ်။ ဒီဖမ်းဆီး နှိပ်စက်မှုသတင်းတွေနဲ့ ပတ်သက်လို့ အင်းစိန်နဲ့လှိုင်သာယာရဲစခန်းတို့ကို ဆက်သွယ်မေးမြန်းခဲ့ပေမယ့်မရပါဘူး။

---

# မသီတာ လွတ်လပ်စွာပြောဆိုခွင့်ဆုရရှိ

**DVB ၊ မတ်လ ၂၃ ။** ။ ၂၀၁၁ – နော်ဝေးစာရေးဆရာသမဂ္ဂက ဒီနှစ်အတွက် 'လွတ်လပ်စွာပြောဆိုထုတ်ဖော်ခွင့်ဆု Free Speech Award ကို မြန်မာပြည်က စာရေးဆရာမ မသီတာ (စမ်းချောင်း)ကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

နော်ဝေးနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ စီစဉ်မှုနဲ့ DnF ခေါ် နော်ဝေးစာရေးဆရာများသမဂ္ဂက ဒီဆုကို တနှစ်တခါ ချီးမြှင့် ပေးနေအပ်နေတာဖြစ်ပြီး မြန်မာလူမျိုးတွေထဲက ဆရာမမသီတာ (စမ်းချောင်း)ကို ပထမဆုံးပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါ တယ်။ ဆရာမ မသီတာ (စမ်းချောင်း)ရဲ့ လွတ်လပ်တဲ့အတွေးအခေါ်နဲ့ ရေးသားခဲ့တဲ့ စာပေတွေအတွက် အခုလို ဆုချီးမြှင့်ဖို့ ရွေးချယ်ခဲ့တာဖြစ်တယ်လို့လည်း ဆုပေးရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ ဆုချီးမြှင့်ခြင်းခံရတာနဲ့ ပတ်သက်ပြီး စာရေးဆရာမ မသီတာ (စမ်းချောင်း) က အခုလို ပြောပါတယ်။

"သူတို့ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ကျမလေးစားပါတယ်။ မြန်မာနိုင်ငံစာရေးဆရာတွေကို မျက်ခြည်မပြတ်တဲ့အတွက်ပေ့ါ အဲဒီအတွက် လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါလောက်ပဲဆိုရမှာပါ။ ကျမလည်း သိပ်မသိသေးဘူးလေ။"

နော်ဝေးစာရေးဆရာသမဂ္ဂက ချီးမြှင့်တဲ့ "လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့်ဆု"မှာ အထိမ်းအမှတ်ပစ္စည်းနဲ့အတူ မြန်မာငွေသိန်း ၂၉၀ ကျပ်နဲ့ညီမျှတဲ့ နော်ဝေးငွေ ခရိုနာ ၂ သိန်း ပါဝင်မှာဖြစ်ပါတယ်။ ဒီဆုကို ချီးမြှင့်ခဲ့တဲ့ နော်ဝေးစာရေးဆရာများ သမဂ္ဂကို ၁၈၉၃ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး နော်ဝေးနိုင်ငံ စာပေတိုးတက်ရေး စာရေးဆရာတွေရဲ့ ရှင်သန်ရေး အတွက် လှုပ်ရှားနေတဲ့ အဖွဲ့တခုဖြစ်သလို ကမ္ဘာတလွှားမှာရှိတဲ့ စာရေးသူတွေရဲ့ အခွင့်အရေးတွေအတွက်ကိုလည်း ဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတခုလည်းဖြစ်ပါတယ်။

လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့်ဆုရ စာရေးဆရာမ မသီတာ (စမ်းချောင်း) ကို ၁၉၈၃ နှစ်က တရားမဝင် အဖွဲ့အစည်းတွေနဲ့ဆက်သွယ်မှုတရားမဝင် စာပေတွေထုတ်ဝေမှုတွေနဲ့ နအဖစစ်အစိုးရက ထောင်နှစ် ၂၀ ချမှတ်ခဲ့ပါတယ်။ ထောင်ဒဏ် ၆ နှစ်ကျခံခဲ့ရပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပြန်လည်လွတ်မြောက်ခဲ့သူ ဖြစ်ပါတယ်။ ဆရာမ မသီတာ (စမ်းချောင်း)ဟာလက်ရှိမှာ စာရေးသားခြင်းနဲ့ မဂ္ဂဇင်းဂျာနယ် အယ်ဒီတာတာဝန်တွေကို ထမ်းဆောင်လျက်ရှိပြီး ၁၉၉၆ က ရွှေကလောင်ဆု အပါအဝင် နိုင်ငံတကာက ချီးမြှင့်တဲ့ ဆုအတော်များများကိုလည်း ရရှိခဲ့သူတယောက်ဖြစ်ပါတယ်။

# Civilb Society ဆိုရာဝယ်

**ခင်မမမျိုး**

နိဒါန်း

နိုင်ငံရေးနဲ့ လူမှုရေးသိပ္ပံပညာရှင်များက paradigm of social orderမှာ မဏ္ဍိုင်သုံးမျိုးရှိတယ်လို့ ရှုမြင်သုံးသပ်ထားကြပါတယ်။ ဒီသုံးမျိုးကတော့ နိုင်ငံတော် (The state)၊ ဈေးကွက် (The Market)နဲ့ အရပ်ဘက် လူ့အဖွဲ့အစည်း (The Civil Society) တို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ဈေးကွက်ကို ပထမမဏ္ဍိုင်နဲ့ ဒုတိယမဏ္ဍိုင်လို့ သတ်မှတ်ကြတဲ့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းကိုကျတော့ တတိယမဏ္ဍိုင်လို့ သတ်မှတ်ကြပါတယ်။ Civil societyဆိုတဲ့ သဘောတရားကို လူမှုဖွဲ့စည်းပုံအမျိုးမျိုးမှာ အဓိပ္ပာယ်ဖွင့်ဆိုထားကြပြီး၊ အထူးသဖြင့် နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းအကြားက ဆက်နွယ်မှုတွေမှာ အကျိုးသက်ရောက်မှုရှိတဲ့ သဘောတရား တခုအဖြစ် ယူဆထားကြပါတယ်။ Civil society သဘောတရားကို အထင်ရှားဆုံး ကိုယ်စားပြုဖော်ဆောင်တဲ့ အဖွဲ့အစည်းတွေကတော့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (non-government organizations or NGOs) တွေပဲ ဖြစ်ပြီး၊ အန်ဂျီအိုတွေကို (civil society organizations or CSOs) တွေအဖြစ်လဲ သတ်မှတ်ခေါ်ဆိုကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အရပ်ဘက်လူ့အဖွဲ့အစည်း (civil society) ဆိုတဲ့ သဘောတရားနဲ့ နိုင်ငံတော် အစိုးရတွေအပေါ် သက်ရောက်မှုတွေဟာ ၂၁ ရာစု၊ ကမ္ဘာ့ လူ့အဖွဲ့အစည်းရဲ့ ထင်ရှားတဲ့ ပြယုဂ်တွေဖြစ်လာခဲ့ပါတယ်။ နိုင်ငံတော်နဲ့အရပ်ဘက်လူ့အဖွဲ့အစည်း ကြားက ဆက်နွယ်မှုဆိုင်ရာ သဏ္ဌာန်များ (State – Civil Society Relational Models) လေးမျိုးကိုအခြေခံပြီး၊ civil society သဘောတရားကိုရှုမြင်သုံးသပ်ပုံနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပုံ တွေကွဲပြားပါတယ်။ ဒီလေးမျိုးကတော့ ထိပ်တိုက်ရင်ဆိုင်မှုပေါ်မှာ အခြေခံတဲ့ confr ontational model ၊ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ်မှာ အခြေခံတဲ့ collaborative model ၊ ထိပ်တိုက်ရင်ဆိုင်ခြင်း- ပူးပေါင်းဆောင်ရွက်ခြင်းမရှိပဲ သီးခြားရပ်တည်မှုပေါ်မှာ အခြေခံတဲ့ autonomous model၊ ကြားဝင်စေ့စပ်ဖြေရှင်းခြင်း အပေါ်မှာ အခြေခံတဲ့ mediational modelတို့ပဲ ဖြစ်ပါတယ်။

Confrontational Model of Civil Society

ဆယ့်ခုနစ်ရာစုနဲ့ ဆယ့်ရှစ်ရာစုကာလတွေမှာ ဥရောပမှာ modern state systemဆိုတဲ့ အတွေးအခေါ်တွေ ထွန်းကားလာခဲ့ပါတယ်။ အကြွင်းမဲ့ အာဏာကျင့်သုံးမှုစနစ်၊ ဘုရင်စနစ်တွေနဲ့ အပြိုင်ပေါ်ထွက်လာခဲ့တဲ့ ဒီအတွေးအခေါ်တွေထဲမှာ အရပ်ဘက်လူ့အဖွဲ့အစည်း (civil society) ဆိုတဲ့ သဘောတရား ကလဲစတင်ပေါက်ဖွားလာပါတယ်။ နိုင်ငံရေးတွေးခေါ် ပညာရှင်တွေဖြစ်တဲ့ Montesquieu နဲ့ Kant တို့ရဲ့ ရေးသားချက်တွေထဲမှာအရပ် ဘက်လူ့အဖွဲ့အစည်း ဆိုတာကို အုပ်ချုပ်သူတွေရဲ့အကြွင်းမဲ့အာဏာကို ထိန်းညှိစစ်ဆေးဖို့လိုအပ်တဲ့ မဏ္ဍိုင်တခုအနေနဲ့ ရည်ညွှန်းထားကြပါတယ်။ အဲဒီအချိန်ကာလက အစပြုပြီး ဥရောပနိုင်ငံရေးဒဿနိကရဲ့ Liberal tradition တခုလုံးမှာ အရပ်ဘက် လူ့အဖွဲ့အစည်းဆိုတာကို ထိပ်တိုက်ရင်ဆိုင်ခြင်း အသွင်သဏ္ဌာန်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။

Neo-conservative tradition မှာလဲ civil society ဆိုတာကို နိုင်ငံတော်နဲ့ဆန့်ကျင်ဘက်အနေနဲ့ သုံးသပ်ပြီး၊ ဈေးကွက်လုပ်ငန်းဆောင်တာတွေရဲ့ နိုင်ငံရေးမပါသော မဏ္ဍိုင်အဖြစ် သတ်မှတ်ထားကြပါတယ်။ ဆိုရှယ်လစ်ပညာရှင် တယောက်ဖြစ်တဲ့ Vaclav Havel ကလဲ civil society ဆိုတာ နိုင်ငံရေးဆန့်ကျင်ခြင်း ဒိုမိန်း (domain of anti-politics) ဖြစ်ပြီး၊ နိုင်ငံတော်နဲ့ အရပ်ဘက် လူ့အဖွဲ့အကြားက ဆက်နွယ်မှုဟာဆန့်ကျင်ဘက်ဆက်နွယ်မှုလို့ ဆိုခဲ့ပါတယ်။ နိုင်ငံရေးပညာရှင် Ernest Gellner နဲ့ Şerif Mardin ဆိုသူတို့ကလဲ civil society ဆိုတာ နိုင်ငံတော်ရဲ့ လူ့အဖွဲ့အစည်းပေါ် ထိန်းချုပ်မှုတွေကို ထိန်းညှိပေးဖို့ ပေါ်ထွက်လာတဲ့ counter-balancing mechanism လို့ဆိုခဲ့ကြပါတယ်။

ဒီလို ထိပ်တိုက်ရင်ဆိုင်ခြင်း၊ ထိန်းညှိပေးခြင်းဆိုင်ရာ Confrontational Model ကို အခြေခံပြီး Civil Society အားကောင်းလာအောင်ပြုလုပ်တဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေ ယနေ့ကမ္ဘာမှာ အများအပြားရှိပါတယ်။

Autonomous Model of Civil Society

၂၀ ရာစုနှောင်းပိုင်းမှာ ထိပ်တိုက်ရင်ဆိုင်ခြင်း အတွေးအခေါ်က နိုင်ငံတော်နဲ့ civil society ကို ဆန့်ကျင်ဘက်အနေနဲ့ သတ်မှတ်မှုအပေါ်မှာ အခြေခံပြီး၊ anti-statist ideological agenda အပေါ်မှာ အခြေခံထားတယ်လို့ရှုမြင်သုံးသပ်သူတွေလဲပေါ်ထွက်လာခဲ့ပါတယ်။ Civil Society ဟာ နိုင်ငံတော်နဲ့ကွဲပြားခြားနားတာ မှတ်ပေမယ့်နိုင်ငံတော်ကို ဆန့်ကျင်တာမဟုတ်ပဲ ကိုယ်ပိုင်သီးခြား ရပ်တည်တဲ့မဏ္ဍိုင်တခုသာဖြစ်တယ်လို့ Robert Hefner, Keith Tester, David Anderson, Jean Cohen နဲ့ Andrew Arato စတဲ့ civil society theorists တွေက ဆိုခဲ့ကြပါတယ်။

Charles Taylor, Larry Diamond, Gordon White, John A. Hall နဲ့ He Baogang စတဲ့ နိုင်ငံရေးပညာရှင်များကလဲ ဒီအဆိုကို လက်ခံခဲ့ကြပါတယ်။ Civil Society ဆိုတာ နိုင်ငံတော်ရဲ့လွှမ်းမိုးချုပ်ကိုင်မှုက လွတ်ကင်းတဲ့လွတ်လပ်သော အစုအဖွဲ့များပါဝင်နေတဲ့ လူ့အဖွဲ့အစည်းတရပ်ဖြစ်ကြောင်း Charles Taylor က ဆိုခဲ့ပါတယ်။ Hall ကလဲ လူ့အဖွဲ့အစည်းက နိုင်ငံတော်ရဲ့ပါဝင်ပတ် သက်မှုမရှိပဲ မိမိတို့ဘာသာသီးခြားစုဖွဲ့မှု 'societal self-organization' ဟာ civil society ရဲ့သွင်ပြင်လက္ခဏာတရပ်ဖြစ်ကြောင်း ဆိုခဲ့ပါတယ်။ Baogang ကတော့ civil society တည်ရှိမှုဆိုတာကို သက်ဆိုင်ရာနိုင်ငံရဲ့လူ့အ ဖွဲ့

စာမျက်နှာ ၁၈ သို့

**စာမျက်နှာ ၁၇ မှ**

အစည်းတွင်းမှာပေါ်ထွက်နေတဲ့ အသင်းအပင်းတွေဟာနိုင်ငံတော် ရဲ့ လွှမ်းမိုးချုပ်ကိုင်မှု ဘယ်လောက်ကင်းသလဲဆိုတဲ့အချက်နဲ့ တိုင်းတာ နိုင်ကြောင်း ဆိုထားခဲ့ပါတယ်။

Autonomous Model of Civil Society သဘောတရားတွေကို လူမှုရေးအသင်းအဖွဲ့တွေ၊ ကျန်းမာရေး၊ ပညာရေးနဲ့ဖွံ့ဖြိုးတိုးတက် ရေးလုပ်ဆောင်ကြတဲ့ အဖွဲ့အစည်းများစွာက လက်ခံကျင့်သုံးနေကြ ပါတယ်။ သို့ပေမယ့် ဒီသဘောတရားတွေဟာ neo-conservative paradigm မှာ အခြေခံတဲ့ civil society ဆိုတာ depoliticized sphere ဆိုတဲ့အမြင်ကိုတော့ ဆန့်ကျင်ပါတယ်။ လူထုအခြေပြု နိုင်ငံရေးလှုပ် ရှားမှုတွေနဲ့ ပတ်သက်တဲ့ voluntary social movements paradigm အယူအဆတွေနဲ့ပိုပြီး ဆက်နွယ်မှုရှိပါတယ်။

Collaborative Model of Civil Society

၂၀ ရာစုနှောင်းပိုင်းနဲ့ ၂၁ ရာစုကနဦးပိုင်းကာလမှာကမ္ဘာ့နိုင် ငံတော်တော်များများက နိုင်ငံတော်အစိုးရတွေဟာ ပြည်သူ့အကျိုး စီးပွားကိုဦးတည်တဲ့ ဒီမိုကရေစီအစိုးရတွေဖြစ်လာကြပါတယ်။ ဒီလို ပြောင်းလဲမှုတွေနဲ့အတူ နိုင်ငံတော်နဲ့ထိပ်တိုက်ရင်ဆိုင်ခြင်းပေါ် အခြေ တည်တဲ့ confrontational model နဲ့ သီးခြား ရပ်တည်တဲ့ autono mous model တွေအပြင် ပူးပေါင်းဆောင်ရွက် ခြင်းအပေါ် အခြေတည်တဲ့ collaborative model ကိုလဲ ပညာရှင်အများစုကဦးစား ပေးတင်ပြလာကြပါတယ်။ civil society ရဲ့နိုင်ငံ ရေးရှုထောင့် (political dimension) ကို အာရုံစိုက်ခြင်း မရှိပဲဆင်းရဲ နွမ်းပါးမှုလျှော့ ချရေးစတဲ့ မူဝါဒရေးရာတွေမှာ နိုင်ငံတော်နဲ့ Civil Society Organizations တွေ ပူးပေါင်းပါဝင်သင့်တယ်ဆိုတဲ့ ဒီအယူ အဆတွေဟာ civil society ဆိုတာကို depoliticized sphere အဖြစ် ရှုမြင်တဲ့ neo-conservative paradigm အပေါ်မှာအခြေတည်တယ်လို့ ဆိုနိုင်ပါတယ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖွံ့ဖြိုးတိုးတက်ရေး ပညာရေး ကျန်း မာရေးဆိုင်ရာမူဝါဒတွေကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော် ဆောင်တဲ့အခါမှာ ဒီမိုကရေစီအစိုးရမဟုတ်တဲ့ အာဏာရှင်အစိုးရ တွေနဲ့ အဆင်အပြေဆုံးလို့ယူဆရတဲ့အတွက် collaborative model ကို နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ WHO, UNESCO, UNDP အဖွဲ့အစည်းတွေအပါအဝင် Civil Society Organizations တော် တော်များများက အသုံးပြုကြပါတယ်။ Civil Society ဆက် လက်ရှင် သန်ရပ်တည်နိုင်မှုကို အထောက်အကူပေးနိုင်ဆုံး model တရပ်အနေ နဲ့သတ်မှတ်ထားကြပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဒီ Model ကို အာဏာရှင်နိုင်ငံတွေမှာ အသုံးပြုမယ့် အန်ဂျီအို အဖွဲ့တွေ (အထူးသဖြင့် အဖွဲ့ငယ်လေးတွေ) အနေနဲ့ civil society ဆိုတာကို depoliticized sphere အဖြစ် ကနဦးရှုမြင်ထားဖို့လိုပါတယ်။ collaborative model ကို အသုံးပြုပြီးမှ political dimension ကို ထည့်သွင်းလာခဲ့ရင်တော့ အာဏာရှင်အစိုးရနဲ့ ပြဿနာတက်ရင် တက်၊ မတက်ရင်လဲ အာဏာရှင်အစိုးရရဲ့ အာဏာတည်မြဲရေး အသုံး ချခံ လက်ကိုင်ဒုတ်တွေ ဖြစ်သွားတတ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်**

# ဦးပိုင်နှင့်ထူးကို တရားစွဲသူ အရိုက်ခံရ

**DVB ၊ မတ်လ ၂၃ ။** ။ ထူးဆောက်လုပ်ရေး ကုမ္ပဏီနဲ့ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က အရာရှိတွေကို တရားစွဲဆိုခဲ့တဲ့ မကွေးတိုင်း ကံမမြို့နယ်က လယ်သမားတချို့ ရိုက်နှက်ခံခဲ့ရပါတယ်။

ကံမမြို့နယ် စစ္စရုံရွာမှာနေတဲ့ ဦးသန်းဦး အပါအဝင် လယ်သမား ၅ ဦးဟာ တန်လာနေ့ညက ကံမမြို့ကနေ ရွာကိုအပြန်မှာ ရိုက်နှက်ခံရတာလို့ အမှုအတွက် လိုက်ပါကူညီပေးနေတဲ့ ရှေ့နေဦးအောင်သိန်းက ပြောပါတယ်။

“အဲဒီကိုသန်းဦးဆိုတဲ့လူနဲ့ ရွာခံလေးငါးခြောက်ဦးအဲဒီ ရုံးခန်းဘေးနား က လမ်းကပဲ ရွာကိုပြန်ရတာ။ ဆိုင်ကယ်နဲ့ တသုတ်ပြန်သွားပြီ။ နောက်ကျန်တဲ့ သန်းဦးနဲ့ နောက်တယောက်ကို သူတို့က ဝိုင်းရိုက်ပြီးတော့ ရုံးခန်းထဲကိုဆွဲသွင်း သွားတယ်။ ဆွဲသွင်းပြီးတော့ ရဲတွေဘာတွေ လှမ်းအကြောင်းကြားပြီးတော့ သူတို့ ကို မူးယစ်ရမ်းကားတယ်၊ သူတို့ရုံးကို ခဲတွေနဲ့ ပေါက်ပါတယ်ဆိုပြီး တိုင် ချက်ဖွင့်ထားတဲ့ သဘောမျိုးလုပ်တယ်။”

နောက်တနေ့မနက်မှာ ရဲတွေက အရိုက်ခံထားရတဲ့ ကိုသန်းဦးနဲ့ နောက် လယ်သမားတဦး သွေးသံရဲရဲနဲ့ လာခေါ်ပြီး ကံမဆေးရုံမှာ ခြေကျင်းတွေခတ်ပြီး တင်ထားတယ်လို့ဆိုပါတယ်။ သူတို့ကို သရက်ထောင်မဟုတ်ရင် သရက်တ ရားရုံမှာ စစ်ဆေးဖို့ ဒီနေ့ခေါ်သွားတယ်လို့လည်း ဦးအောင်သိန်းက ပြောပါ တယ်။ မကွေးတိုင်း ကံမမြို့နယ်ထဲမှာ လယ်သမားတွေရဲ့ ခွင့်ပြုချက်မရဘဲ၊ ထူး ဆောက်လုပ်ရေးကုမ္ပဏီနဲ့ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့က လယ်ကို သိမ်းပြီး ကော့စတစ်စက်ရုံလာရောက် ဆောက်လုပ်တဲ့အပေါ် ထူးနဲ့ ဦးပိုင်တို့ရဲ့ အရာရှိ ၃ ဦးကို လယ်သမားတွေက တရားစွဲဆိုခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ကံမတရားရုံးက စွဲဆိုချက်ကို ပယ်ချခဲ့ပါတယ်။

လယ်သမားတွေဘက်ကလည်း သရက်ခရိုင်တရားရုံးမှာ အယူခံပြင် ဆင်မှု ဆက်တက်ခဲ့ပေမယ့် သရက်ခရိုင် တရားရုံးက ထပ်မံပယ်ချခံခဲ့ရပါတယ်။ မြို့နယ်နဲ့ခရိုင်တရားရုံးတွေက သူတို့ရဲ့ စွဲချက်ကို ပယ်ချခဲ့ပေမယ့် လယ်သမား ဦးသန်းဦးတို့က မကွေးတိုင်းတရားရုံးကို ဆက်လက်အယူခံတင်ဖို့ ပြင်ဆင်နေတဲ့ အချိန်မှာ ခုလိုရိုက်နှက်ခံလိုက်ရတာလို့ ရှေ့နေဦးအောင်သိန်းက ပြောပါတယ်။

# ရွှေကျင်မှာ တနေ့တည်း ဗုံးသုံးကြိမ်ကွဲ

**DVB ၊ မတ်လ ၂၃ ။** ။ မတ်လ ၂၁ ရက်နေ့က ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှာ ဗုံးပေါက်ကွဲတဲ့အတွက် သေဆုံးဒဏ်ရာရမှုတွေ ရှိခဲ့တယ်လို့ ရွှေကျင်ဒေသခံတ ဦးက ပြောပါတယ်။ ဗုံးပေါက်ကွဲမှုဟာ တနေ့တည်း သုံးနေရာမှာ သုံးခါပေါက် ကွဲခဲ့တာပါ။

မတ်လ ၂၁ ရက် မနက် ၅ နာရီခွဲခန့်မှာ ရွှေကျင်မြို့နယ်ထဲက မဒမ ချောင်းအနီး ဘုရားလေးနားက ရွှေကျွန်းကြီး ရွှေရှာလုပ်ငန်းလုပ်ကွက်ထဲ မှာပေါက်ကွဲခဲ့တာဖြစ်ပြီး လူတဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါတယ်။ မနက် ၆ နာရီလောက်မှာတခါ ရွှေကျင်မြို့စွန်ဘက်ကျတဲ့ ခလရ ၅၇ တပ် အသွား လမ်းနားမှာ ပေါက်ကွဲမှုဖြစ်ခဲ့ပြီး အသက် ၁၇ နှစ်အရွယ် ထွန်းလင်းနိုင်ဆိုတဲ့ ကျောင်းသားတယောက်သေဆုံးသွားပါတယ်။ မနက် ၁၀ နာရီခွဲမှာ ပထမဆုံး ပေါက်ကွဲခဲ့တဲ့ ဘုရားလေးအထက်ဘက် မဒမချောင်းအနီးမှာပဲ ပေါက်ကွဲမှုတ ကြိမ် ထပ်ဖြစ်ပွားခဲ့ပြီး အနည်းအကျဉ်းထိခိုက်ဒဏ်ရာ ရတာလောက်ပဲရှိတယ် လို့ အဲဒီဒေသခံက ပြောပါတယ်။

အဲဒီပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး ဘယ်သူ့လက်ချက်ဆိုတာ စစ်အစိုးရ ဘက်က သတင်းမထုတ်ပြန်သလို ပေါက်ကွဲမှုတွေ ဆက်မဖြစ်အောင် ရှာဖွေစစ် ဆေးနေတာမျိုးတွေလည်း လုပ်တာမတွေ့ရဘူးလို့လည်းပြောပါတယ်။ ရွှေရှာ လုပ်ကွက်တွေအနားမှာ ဖြစ်တဲ့အတွက် အခုအဲဒီမဒမချောင်းနားမှာ ရွှေရှာလုပ် ငန်းမလုပ်ရတော့ဘူးလို့ စစ်တပ်ကအမိန့်ထုတ်ထားပြီး ရွှေရှာသူတွေကလည်း သူတို့လုပ်ငန်းဆိုင်ရာပစ္စည်းတွေကို ဖြုတ်ယူသိမ်းဆည်းနေကြတယ်လို့သိရပါ တယ်။

# လူ့အခွင့်အရေးဆိုင်ရာပြဌာန်းချက် ကုလလူ့အခွင့်အရေးကောင်စီမှာ အတည်ပြု

**VOA၊ မတ်လ ၂၅။** ။ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအခြေအနေတိုးတက်ဖို့ ဥရောပနိုင်ငံအများစုပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံတချို့ ပြင်ဆင်ထားတဲ့ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာမဲမခွဲဘဲ ဆုံးဖြတ်အတည်ပြုလိုက်ပါတယ်။ ဒါပေမဲ့ မူကြမ်းထဲမှာပါဝင်တဲ့အချက်တချို့ကို နုတ်အားဖြင့် ဒီနေ့ပြင်ဆင်ခဲ့ပြီး ဆုံးဖြတ်ချက်ချလိုက်တာ ဖြစ်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာလုပ်တဲ့ လူ့အခွင့်အရေးကောင်စီစည်းဝေးပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်မူကြမ်းကို ဒီကနေ့သောကြာနေ့မှာ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ဥရောပနိုင်ငံ အများစုနဲ့ တခြားအဖွဲ့ဝင်နိုင်ငံတချို့ ပြင်ဆင်ရေးသားခဲ့တဲ့ ဒီမူကြမ်းထဲမှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ထားတဲ့အချက်၊ မြန်မာနိုင်ငံမှာ အခုကျင့်သုံးနေတဲ့ ၂၀၀၈ ဖွဲ့စည်း ပုံအခြေခံဥပဒေကို နိုင်ငံတကာလူ့အခွင့်အရေး အဆင့်အတန်း နဲ့အညီ ပြင်ဆင်ဖို့ စတဲ့အချက်တွေကိုတော့ ဆုံးဖြတ်ချက်မချခင်မှာ နုတ်အား ဖြင့် ပြင်ဆင်ဖယ်ရှားခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေကို တိုးတက်စေဖို့ အကြံပြုချက်တွေပါဝင်တဲ့ ဆုံးဖြတ်ချက်မူကြမ်းဟာ ဥရောပနိုင်ငံတွေက နိုင်ငံရေးအရပြင်ဆင်ထားတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်ဆိုပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မြန်မာကိုယ်စားလှယ် ဦးသန့်ကျော်ကပြောကြားပြီး ကန့်ကွက်ခဲ့ပါတယ်။ ဒီမူကြမ်းထဲမှာ ပါဝင်တဲ့အချက်တွေဟာ အခြေအမြစ်မရှိတဲ့အချက်တွေပေါ်မှာအခြေခံတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်လို့ မြန်မာကိုယ်စားလှယ်ကပြောခဲ့ပါတယ်။

ဒီမူကြမ်းအပေါ်မှာထောက်ခံတဲ့ နိုင်ငံတွေကတော့ ဂျပန်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေပါ။ မြန်မာနိုင်ငံကတိုးတက်မှုတွေကိုအသိအမှတ်ပြုပေမဲ့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်ဖို့လိုတဲ့အတွက် ဒီဆုံးဖြတ်ချက်ကိုထောက်ခံတယ်လို့ ဂျပန်ကိုယ်စားလှယ်ကပြောသွားပါတယ်။

မလေးရှားကိုယ်စားလှယ်ကတော့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ မြန်မာနိုင်ငံမှာ လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်တဲ့ပြစ်မှုဖြစ်နေတယ်၊ စစ်ရာဇဝတ်ကျူးလွန်မှုဖြစ်နေတယ်ဆိုတဲ့အချက်တွေကို မလေးရှားအနေနဲ့လက်မခံပေမဲ့ မူကြမ်းကိုဆုံးဖြတ်ချက်ချနိုင်ဖို့တော့ ထောက်ခံခဲ့ပါတယ်။

တရုတ်နိုင်ငံကတော့ ဒီဆုံးဖြတ်ချက်ကိုမထောက်ခံဘဲ လက်ရှောင်ခဲ့ပါတယ်။ တကယ်တော့ ဒီဆုံးဖြတ်ချက်ကို ကြာသပတေးနေ့ကတည်းက ဆုံးဖြတ်အတည်ပြုဖို့ဖြစ်ပေမဲ့ မူကြမ်းထဲပါတဲ့ အချက်တွေအပေါ် တရုတ်၊ အိန္ဒိယနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ကန့်ကွက်တာတွေရှိတဲ့အတွက်ပြင်ဆင်ပြီး သောကြာနေ့ကျမှ ဆွေးနွေးဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရတာဝန်ရှိသူတွေ လူ့အခွင့်အရေးကို ချိုးဖောက်ချင်တိုင်းချိုးဖောက်နိုင်အောင် ခွင့်ပြုထားသလိုဖြစ်နေတဲ့အခြေခံဥပဒေထဲကအချက်ကိုပြင်ဆင်ပေးဖို့ မူလမူကြမ်းထဲမှာ ထည့်သွင်းခဲ့ပေမဲ့ အဲဒီအချက်ကိုပြင်ဆင်လိုက်တဲ့ မူကြမ်းမှာတော့ ဖျက်လိုက်ရပါတယ်။ ဒီလိုပြင်ဆင်မှုတွေ လုပ်လိုက်ရတဲ့အပေါ် အဝေးရောက် ညွန့်ပေါင်းအစိုးရ NCGUB ရဲ့ ကုလသမဂ္ဂဆိုင်ရာတာဝန်ခံ ဒေါက်တာသောင်းထွန်းရဲ့ အမြင်ကိုမေးတော့ သူက -

"ကျနော်တို့အနေနဲ့ ခြုံကြည့်မယ်ဆိုရင်တော့ ဒီဆုံးဖြတ် ချက်ဟာ အင်မတန်အားရှိတဲ့ဆုံးဖြတ်ချက်တခုဖြစ်သလို မြန်မာ ပြည်ရဲ့ လက်ရှိ လူ့အခွင့်အရေးအခြေအနေကိုလည်း ထင်ဟပ်တယ်။ ရှေ့သွားရမယ့်လမ်းကြောင်းနဲ့ပတ်သက်လို့ လိုအပ်တဲ့အကြံပြုမှုတွေကို လည်းလုပ်ထားတယ်။ရွေးကောက်ပွဲပြီးသွားတာနဲ့မြန်မာပြည်ရဲ့ နိုင်ငံရေးပြဿနာလည်း မဖြေရှင်းနိုင်ဘူး။ အင်အားစုအားလုံး ပါဝင်တဲ့အခြေခံကူးပြောင်းမှုတခု လုပ်ဖို့လိုတယ်၊ နိုင်ငံရေးအကျဉ်းသားတွေ လွတ်ဖို့လိုတယ်၊ တွေ့ဆုံဆွေးနွေးမှုတွေလိုတယ်ဆိုတဲ့ အချက်အလက်တွေကို ထောက်ပြထားတယ်။"

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ အချက်တချို့ကို ပြင်ဆင်ဖယ်ရှားခဲ့ပေမဲ့လဲ စစ်ရာဇဝတ်ကျူးလွန်မှု၊ လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှု စတဲ့ အသုံးအနှုန်းတွေကိုမပြင်ဆင်ဘဲ ဒီအတိုင်း ဆုံးဖြတ်နိုင်ခဲ့တာကလဲ ထူးခြားတယ်လို့ ဒေါက်တာသောင်းထွန်းက မြင်ပါတယ်။

"War Crimes and Crimes against Humanity ကို သူတို့မပြင်ဘူး။ အဲဒီအသုံးအနှုန်းပေါ့။ တချို့ဖြစ်သွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ စစ်ရာဇဝတ်မှုမြောက်တယ်။ လူသားတရပ်လုံးကို ကျူးလွန်တဲ့ပြစ်မှုတွေမြောက်တယ်ဆိုတဲ့အပိုဒ်ကို သူတို့မပြင်ဘူး။ဒါကတော်တော်ထူးခြားချက်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဟာကို အိမ်နီးချင်းနိုင်ငံတွေကပါ လက်ခံတဲ့သဘောရှိတယ်။ ဒါကသဘောက ဒီလိုမျိုး War Crimes and Crimes against Humanity တွေဖြစ်တယ်ဆိုတာကို အိမ်နီးချင်းနိုင်ငံတွေက အသိအမှတ်ပြု ထားရင် နောက်တဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တွေ သွားဖို့ကိစ္စတွေအပေါ်မှာ ကျနော်တို့ ဆက်ပြီးတော့လုပ်လို့ရတယ်။ လက်ခံနိုင်တဲ့အလားအလာတွေဖြစ်လာအောင် ကျနော်တို့ ဖန်တီးလို့ရတယ်။ ဒါကိုတော့ သုံးသပ်လို့ရတယ်။"

အဝေးရောက်ညွန့်ပေါင်းအစိုးရ NCGUB ရဲ့ ကုလသမဂ္ဂဆိုင်ရာတာဝန်ခံဒေါက်တာသောင်းထွန်းဖြစ်ပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်ဟာ မနှစ်ကထက် ပိုမိုပြည့်စုံပြီး အသစ်တက်လာတဲ့အစိုးရအဖွဲ့အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေရပ်ဆိုင်းသွားအောင် လုပ်ဆောင်နိုင်ဖို့အတွက်တောင်းဆိုထားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်လို့ ကုလသမဂ္ဂရဲ့ မြန်မာ နိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တောမတ်စ် အိုဟေး ကင်တားနားက ဗွီအိုအေ မြန်မာပိုင်းကိုပြောပါတယ်။

---

**စာမျက်နှာ ၁၅ မှ**

မြန်မာနိုင်ငံတွင်းက နိုင်ငံခြားကုမ္ပဏီပိုင် စက်ရုံ အလုပ်ရုံတွေမှာ လုပ်နေတဲ့ မြန်မာအလုပ်သမားတွေရဲ့ လုပ်ခလစာဟာ အရှေ့တောင်အာရှမှာ အနိမ့်ဆုံးဖြစ်နေတယ်လို့ ဆိုပါတယ်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်မှာ အလုပ်သမားတဦးကို အနိမ့်ဆုံးလစာ ၄၃ ဒေါ်လာ၊ ကမ္ဘောဒီးယားမှာ ၆၁ ဒေါ်လာ၊ အင်ဒိုနီးရှားမှ ၁၂၃ ဒေါ်လာနဲ့ တရုတ်နိုင်ငံ ရှန်ဟိုင်း စက်မှုဇုန်မှာ တလ ၁၆၆ ဒေါ်လာရကြောင်း မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်ရဲ့ ကြေညာချက်ကဆိုပါတယ်။

မြန်မာအစိုးရသစ်ရဲ့ သမ္မတလစာဟာ တလကို ကျပ်သိန်း ၅၀ နဲ့ ကား ခြောက်စီး ခံစားခွင့်ရနေချိန်မှာ မြန်မာအလုပ်သမားတွေကတော့ တလကို ကျပ်သုံးသောင်းဝန်းကျင်သာရတာကြောင့် ဒီလို ကွာဟမှုမျိုး မဖြစ်သင့်ကြောင်းလည်း ကြေညာချက်မှာထောက်ပြထားပါတယ်။

# စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို စစ်အစိုးရသာ လုပ်ဆောင်နေခြင်းဖြစ်

**DVB ၊ မတ်လ ၂၃ ။** ။ ၂၀၁၀ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီတွေနဲ့ အာဆီယံနိုင်ငံတွေဟာ ပြည်ပက စီးပွားရေးပိတ်ဆို့မှုတွေကြောင့်ဖွံ့ဖြိုးမှုနိမ့်ကျနေသယောင် နအဖစစ်အစိုးရပြောသံကို သံယောင်လိုက်ပြောဆိုနေကြတယ်လို့ပြည်တွင်း မြေအောက်အဖွဲ့အစည်းတွေက ပြစ်တင်ပြောဆိုလိုက်ပါတယ်။

ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့ရဲ့ ဒီကနေ့ ပူးတွဲကြေညာချက်မှာ ပြောဆိုလိုက်ကြတာဖြစ်ပါတယ်။ မြန်မာပြည်သူတွေကို အဓိကပိတ်ဆို့သူဟာ စစ်အစိုးရသာဖြစ်တယ်လို့ အဲဒီကြေညာချက်မှာ ထောက်ပြထားပါတယ်။ မြန်မာပြည်သူတွေဟာ မော်တော်ယာဉ်တွေ တယ်လီဖုန်းတွေကို နိုင်ငံရပ်ခြားတိုင်းပြည်တွေမှာလို မသုံးနိုင်အောင်အခွန် တွေမတန်တဆတင်ပြီး ပိတ်ဆို့ထားသူဟာ တပ်မတော်အစိုးရပဲဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်က ပြောပါတယ်။ လွန်ခဲ့တဲ့ရက်ပိုင်းတုန်းက ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဝင်ငွေကျဆင်းတို့ အင်တာနက်ကနေ တယ်လီဖုန်းခေါ်ဆိုမှုတွေကို အရေးယူမယ်လို့ ထုတ်ပြန်ချက်ဟာ အစိုးရက ပြည်သူလူထုကိုပိတ်ဆို့မှုအသစ်လုပ်တယ်လို့ ကိုထွန်းမြင့် အောင်က ပြောပါတယ်။

“တကယ်တော့ ပြည်သူလူထုက အင်တာနက်ကနေ ဖုန်းခေါ်တာ ကုန်ကျစရိတ်သက်သာတယ်။ နိုင်ငံတကာရောက်နေတဲ့ မိသားစုတွေနဲ့ နွေးနွေးထွေးထွေးရှိရတယ်။ မြန်မာ့ဆက်သွယ်ရေးက သွားမယ်ဆိုရင် ဖုန်းခတွေ အင်မတန်ကို ကြီးမြင့်တယ်။ ဒါဟာ အင်မတန်ကို ရှက်စရာကောင်းတဲ့ လုပ်ရပ်ဖြစ်တယ်။ နောက်တခုက လယ်သမားတွေရဲ့ လယ်ပိုင်ခွင့်မပြောနဲ့ဦး လယ်လုပ်ပိုင်ခွင့်တောင်ပိတ်ဆို့တယ်၊ လယ်တွေသိမ်းတယ်၊ ဟိုသီးနှံမစိုက်ရဒီသီးနှံမစိုက်ရ အတင်းအကျပ်လုပ်တာက ဒါဟာ ပြည်သူတွေကို ပိတ်ဆို့တာဖြစ်တယ်။”

မြန်မာပြည်သူတွေကို အစိုးရပိတ်ဆို့တဲ့ ကျန်အချက်တွေကို ပြောရာမှာ နိုင်ငံရေးအကျဉ်းသားတွေကို နယ်ဝေးထောင်တွေပို့ပြီး မိသားစုနဲ့ မတွေ့နိုင်အောင် ပိတ်ဆို့ထားမှု၊ နိုင်ငံရေးပါတီ၊ သမဂ္ဂအသင်းအပင်းတွေရဲ့ လွတ်လပ်စွာ ရပ်တည်လှုပ်ရှားခွင့်ကို ပိတ်ပင်မှု၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့အကူအညီ၊ လေ့လာစုံစမ်းမှုတွေကို ပိတ်ပင်မှု၊ သံဃာတော်တွေရဲ့ မေတ္တာပို့သမှု၊ ကုန်ဈေးနှုန်းကျဆင်းရေးတောင်းဆိုသူတွေ အပါအဝင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုတွေကို ပိတ်ပင်နှိမ်နင်းမှု အစရှိတာတွေကို အစိုးရကသာမြန်မာပြည်သူတွေကို ပိတ်ဆို့မှုအမျိုးမျိုးလုပ်နေတာလို့ ၄ မျက်နှာပါကြေညာချက်မှာအချက်အလက်အမြောက်အမြားကို အပိုဒ်တွေခွဲပြီးထောက်ပြ ထားပါတယ်။

အနောက်နိုင်ငံတွေက မြန်မာပြည်ကို စီးပွားရေးပိတ်ဆို့ထားမှုဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့ ပျက်ကွက်လို့ ပိတ်ဆို့ထားတာသာဖြစ်ပြီး စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းဖို့အတွက် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကိုအာမခံတဲ့ မြင်သာတဲ့အလုပ်မျိုးလုပ်ပြပြီး ရုပ်သိမ်းစေရမှာဖြစ်တယ် လို့ဆိုပါတယ်။ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းဖို့ တောင်းဆိုတဲ့ နိုင်ငံရေးပါတီတွေနဲ့အာဆီယံနိုင်ငံတွေရဲ့ လုပ်ရပ်ဟာ သူတို့ကိုယ်ကျိုးစီးပွားနဲ့ စီးပွားရေးအခွင့်အလမ်းအတွက် စစ်အစိုးရဆီကနေ မျက်နှာသာရအောင် ကြံစည်ကြိုးပမ်းမှုသာဖြစ်တယ်လို့ ပြစ်တင်ဝေဖန်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်ရုပ်သိမ်းဖို့တောင်းဆိုတဲ့ပါတီအစုအဖွဲ့ထဲက အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေက အခုလို တုံ့ပြန်ပါတယ်။

“စစ်အာဏာရှင်တစုကိုသာ ပစ်မှတ်ထားပြီး စီးပွားရေးပိတ်ဆို့မှုဆက်ထားမယ်ဆိုရင် ကျန်တဲ့ပြည်သူ သန်း ၅၀ ကျော် ၆၀ ဟာ ဒီလိုပဲ စီးပွားရေးအခွင့်အလမ်းတွေမရဘဲ နေရတော့မလား။ နောက်တခုက ကျနော်တို့က အာဏာပိုင်အစိုးရဆီကနေ အခွင့်အရေးတွေကို ရတဲ့အတွက်ကြောင့် ပိတ်ဆိုတာတွေကို ဖွင့်ဖို့ပြောတယ်ဆိုရင် သက်သေသက္ခာယအထောက်အထားရှိပါသလား၊ ရှိတယ်ဆိုရင် ကျနော်တို့ သိချင်ပါတယ်လို့ ပြောချင်ပါတယ်။”


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER